# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၄၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# စာတတ်မြောက်ပြီးသူများ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက် စဉ်ဆက်ပညာရေးပေါ်ထွန်းအောင် ဆက်လက်အကောင်အထည်ဖော် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား မန္တလေးမြို့၌ ကျင်းပ



မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် နိုင်ငံ တကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလ သမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* *

# လယ်ယာမြေဧက ၅၀၀ ကို ဆည်ရေပေးသွင်း စိုက်ပျိုးနိုင်ပြီး ဒေသဆန်ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုမည့် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာရှိ မြေခဲတောင်ရေလှောင်တမံ



ကွင်းဆင်းမေးမြန်းရေးသားသူ - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသဖြစ်သည့် မကွေးတိုင်း ပခုက္ကူခရိုင်တွင် ဆန်စပါးဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဖွံ့ဖြိုးရေးကို ရှေးရှု၍ အသေးစား ရေလှောင်တမံများကို တည်ဆောက်အကောင်အထည်ဖော်စေခဲ့ရာ ပခုက္ကူမြို့နယ်အတွင်းရှိ မြေခဲတောင်ရေလှောင်တမံစီမံကိန်းကို မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးက အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး (ထိန်းသိမ်းရေးရုံး)က တာဝန်ယူ၍ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာအုပ်စု မြေခဲတောင်ရိုးချောင်းကို ပိတ်၍ တမံအမြင့် ၄၄ ပေ၊ တမံအလျားပေ ၁၃၀၀ ရှည်ပြီး မြေသားတမံအမျိုးအစား တည်ဆောက်ထားသည့် မြေခဲတောင် ရေလှောင်တမံ တည်ဆောက်ပြီးစီးမှု မြင်ကွင်းအလှကို စက်တင်ဘာ ၇ ရက်က ဤသို့တွေ့ရသည်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်)

# အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူး

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ယဉ်ကျေးမှု သမိုင်းဦးအစကာလများမှစ၍ ယနေ့ထက်တိုင် အသုံးပြုလျက်ရှိသော အမျိုးသားရိုးရာ ဆေးပညာရပ်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများသည် ခက်ခဲနက်နဲသော ဆေးကျမ်းအစောင်စောင်ကို ကြိုးပမ်းပြုစုခဲ့ကြပြီး အစွမ်းအာနိသင်ထက်မြက်သော ဆေးဝါးအဖုံဖုံ၊ ကုထုံးအသွယ်သွယ်တို့ဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် အားပေး မြှင့်တင်ပေးလျက်ရှိသကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ်တည်ထောင်၍ ဆေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရေး သုတေသနပြုခြင်း၊ ပရဆေးဥယျာဉ်များ ထူထောင်ပြီး ဆေးဖက်ဝင် ပရဆေးပင်များ ထိန်းသိမ်းစိုက်ပျိုးခြင်း၊ တိုင်းရင်းဆေးဝါးကုထုံးများ ဖော်ထုတ်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ကို ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာ အနီးတွင် ထူထောင်ထားရှိပြီး ပြည်သူများ၌ အဖြစ်များသော ငှက်ဖျား၊ တီဘီ၊ သွေးတိုး၊ ဆီးချို၊ ဝမ်းလျှောဝမ်းပျက်နှင့် ဝမ်းကိုက်ဟူသည့် အဓိက ရောဂါကြီးခြောက်မျိုးအတွက် အစွမ်းထက်မြက်သော ဆေးဝါးများ ထုတ်လုပ်နိုင်ရေး သုတေသနပြု လုပ်ဆောင်လျက်ရှိသည်။

ယင်းဦးစီးဌာန ပရဆေးဥယျာဉ်၌ အဓိက ရောဂါကြီးခြောက်မျိုးကို ကာကွယ်ကုသပေးနိုင်သည့် ပရဆေးပင်များနှင့် ဆီးနှင့်ကျောက်ကပ်ရောဂါ၊ မီးယပ်နှင့်သားအိမ်ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သွေးအဆိကျရောဂါ၊ အဖုအကျိတ်ရောဂါ၊ အာရုံကြောရောဂါ၊ အရိုးအကြောရောဂါနှင့် အသည်းရောဂါ စသည့် ရောဂါအမျိုးမျိုးအတွက် ကုသနိုင်သော ပရဆေးပင်အမျိုးပေါင်း ၄၀၀ကျော်ကို စုဆောင်းစိုက်ပျိုးထားရှိကြောင်း သိရသည်။

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အားပေးမြှင့်တင်ပေးလျက်ရှိရာ မြန်မာနိုင်ငံတွင် အဖြစ်များသည့် အဓိကရောဂါခြောက်မျိုး ကုသရေးတွင် အစွမ်းထက်မြက်သည့် တိုင်းရင်းဆေးဝါးများ သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူး သွားနိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၊ ပုဂ္ဂလိက ဆေးဝါးလုပ်ငန်းရှင်များ ပူးပေါင်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ပေးအပ်လှူဒါန်း

ကပ္ပတိန်ကျော်မြဦး–ဒေါ်စန္ဒာအေးအမှူးပြု၍ EASTWIND Co. HAKUFU သင်္ဘောမှ အမှုထမ်းများက အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

## ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့် ရွှေဘုံရတနာနန်းတော်ပြင်ဆင်မှုစစ်ဆေး ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထားမှု လှည့်လည်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၄

**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် စက်တင်ဘာ ၁၀ ရက်က ရွှေဘိုမြို့သို့ ရောက်ရှိပြီး ရွှေဘုံရတနာနန်းတော်အနီးရှိ ရှင်းလင်းဆောင်၌ ရွှေဘိုရှေးဟောင်းသုတေသနဌာနစု တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်က နှစ်စဉ်ပြုပြင်ရန် လိုအပ်ချက်များ၊ ရွှေဘုံရတနာနန်းတော် တည်ဆောက်မှု နောက်ခံသမိုင်းနှင့် ဟန်လင်းကြီးမှ ပျူပစ္စည်းများကို စောင့်ရှောက်ထိန်းသိမ်းထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ရွှေဘုံ ရတနာနန်းတော် ပြင်ဆင်ထားမှု၊ နန်းတော်ပလ္လင်ပေါ်ရှိ နန်းစဉ် ဆင်းတုတော်ထားရှိမှု၊ ရှေးဟောင်းသုတေသနပြတိုက်အတွင်း ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



### ကြည့်ရှု

ဝန်ကြီးသည် စက်တင်ဘာ ၁၂ ရက်တွင် မန္တလေးမြို့ရှိ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန စာကြည့်တိုက်နှင့် ပြတိုက်သို့ သွားရောက်၍ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပုဂံခေတ် ပြခန်းများ၊ ပေ၊ ပုရပိုက်ပြခန်းများ၊ ရက်ကန်းစသည့် လူမှုရေးဆိုင်ရာပြခန်းများနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### ပြတိုက်

ထို့နောက်ဝန်ကြီးသည် အင်းဝရှိ ရှေးဟောင်းသုတေသန ပြတိုက်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ သုတေသနအရာရှိ ဦးအောင်အောင်ကျော်က ပြတိုက်အခြေအနေ၊ အင်းဝတစ်ဝိုက်ရှိ ရှေးဟောင်းအဆောက်အအုံများ အခြေအနေတို့ကို ရှင်းလင်းပြသသည်။

### မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တနင်္ဂနွေမင်း တည်ထားခဲ့သော လောကသရဖူ ကျောက်တော်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ပြီး ရှေးဟောင်း သုတေသနဦးစီးဌာနက ထိန်းသိမ်းပြုပြင်ထားသော ဆင်ကျုံးခံတပ်၊ ဗားကရာ ကျောင်းတော်ကြီး၊ မယ်နု အုတ်ကျောင်းနှင့် ပင်းယဂူကြီးသုံးလုံးတို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၅–၉–၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၅၆) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** – အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ (အပိုင်း–၃) |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း–၂၄) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅–၉–၂၀၀၆ (သောကြာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | Myanmar Video Rhythm |
| ၇:၅၅ | တေးဂီတအစီအစဉ် |
| ၈:၀၀ | ဆေးစက်များ၏ ပေါင်းဆုံရာ |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | နို့ထွက်ပစ္စည်းထုတ်ကုန် မြင့်မားဖို့ ကြိုးစားကြပါစို့ |
| ၈:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၄၀ | Fashion Fever (မော်ဒယ်လ် အေးမြတ်သူနှင့် တွေ့ဆုံခြင်း) |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | လမ်းပြကြယ်များ |
| ၉:၄၀ | တေးဂီတအစီအစဉ် |
| ၉:၄၅ | ဆံကေသာ အလှပြုပြင်နည်းပညာဒါန |
| ၉:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၀၅ | Midweek Sports News |
| ၁၀:၂၀ | တေးဂီတအစီအစဉ် |
| ၁၀:၂၅ | ဖွံ့ဖြိုးစုံစွာ သာကေတ စက်မှုဇုန်မှာ |
| ၁၀:၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၄၀ | မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့ (လူမင်း၊ သူသူဟံသာ၊ အိမ်းအိမ်း) |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | IT Talk (ဦးမျိုးမြတ်သူ၊ ဦးရဲမြတ်သူ) |
| ၁၁:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၅ | ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

## ရှေးဟောင်း သုတေသနပြတိုက်

**ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ရွှေဘိုမြို့ ရွှေဘုံရတနာ နန်းတော်ဝင်းအတွင်းရှိ ရှေးဟောင်းသုတေသနပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။**

(ယဉ်ကျေးမှု)



# ပြည်သူများအား အခွန်လုပ်ထုံးလုပ်နည်းများနှင့် အခွန်အခြေခံသတ်မှတ်မှုများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်ရေး ပြောဆိုစည်းရုံး အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ သစ္စာရှိပြီး ရိုးဖြောင့်စွာဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် တပ်ကုန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ငွေစုဘဏ်လုပ်ငန်း၊ ဘဏ်ငွေလွှဲလုပ်ငန်း၊ ဌာနဆိုင်ရာ ငွေပေးအမိန့်ချလန် လုပ်ငန်းများအပါအဝင် ဘဏ်လုပ်ငန်းအဝဝဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ ဘဏ်လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် မှန်ကန်မြန်ဆန်စွာဖြင့် ထိရောက်ထက်မြက်ရမည်ဖြစ်ကြောင်း၊ ဘဏ်နှင့် ဆက်သွယ်သူပြည်သူများနှင့် ဆက်ဆံရာတွင် ချိုသာပြေပြစ်မှုရှိရမည်ဖြစ်ကြောင်းနှင့် ဘဏ်တွင်း၊ဘဏ်ပြင် သန့်ရှင်းသပ်ရပ်စေရေး ဂရုပြုဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။** (အပေါ်ပုံ)

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် တပ်ကုန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနသို့ရောက်ရှိရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မြို့နယ်ဦးစီးမှူးတို့က မြို့နယ်အလိုက် အခွန်ငွေ လျာထားသတ်မှတ်ချက်နှင့် လျာထားချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက အခွန်ထမ်းဆောင်သူ ပြည်သူများအား အခွန်လုပ်ထုံးလုပ်နည်းများ၊ အခွန်အခြေခံသတ်မှတ်မှုများကို ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရေး ပြောဆိုစည်းရုံးသွားရန်၊ ဌာနအဆင့်ဆင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိစွာ ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တပ်ကုန်းမြို့နယ် မြန်မာ့အသေးစားချေးငွေလုပ်ငန်းသို့ရောက်ရှိရာ ရုံးခွဲတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ငွေရေးကြေးရေးကဏ္ဍတွင် ဒေသခံပြည်သူများအတွက် အထောက်အကူတစ်ခုဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ပျဉ်းမနားမြို့နယ် မြန်မာ့အာမခံလုပ်ငန်း အဆောက်အအုံသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အဆောက်အအုံကို သန့်ရှင်းသပ်ရပ်သာယာလှပစေရေးနှင့်ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အထူးဂရုပြုရန် သတ်မှတ်ထားသည့်အချိန်အတွင်းပြီးစီးရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာ တင်သွင်းရမည့်ရက်ကြေညာ

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၀၇ ခုနှစ်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်၍ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံး၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ၂ရက်မှစတင်၍ သတ်မှတ်ထားသော နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်သည်။

### အရောင်နှစ်မျိုးခွဲခြား

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ်(၁)(၅)(၆)(၇)(၈)များဖြင့် ဖြေဆိုကြမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ်(၂)(၃)(၄)များဖြင့် ဖြေဆိုကြမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြား သတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံး၌ **၂၀၀၆ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၃၁ ရက်အတွင်း** တင်သွင်းကြရမည်ဖြစ်သည်။

### သတ်မှတ်ရက်အမီ

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းကြမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေးကျသင့်ငွေသွင်း တံဆိပ်ခေါင်းများကိုဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံးသို့ **၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း** သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြား၌ ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများမှန်ကန်မှု ရှိ၊ မရှိကို သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်းကို သတိပြုစေလိုသည်။

### ဝယ်ယူနိုင်

လျှောက်လွှာပုံစံများနှင့် ငွေသွင်း တံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့(ဓွဲကပင်ဆောင်)၌ ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ အထက်မြန်မာပြည်ဆိုင်ရာ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ တိုင်းပညာရေးမှူး ဦးစောထွန်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရကျောင်းသား၊ ကျောင်းသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစီအစဉ်အရ အခမ်းအနားကို အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဒို့အင် ဒို့အား"** သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

### စာဖတ်ရှိန်မြှင့်တင်

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း အခြေခံ စာတတ်မြောက်ပြီးသည့် ပြည်နယ်နှင့် တိုင်းများတွင် စာတတ်မြောက်ပြီးသူများအတွက် စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေတိုးပွားရေး အစီအစဉ်၊ ဘဝသာယာရေး အစီအစဉ်ပါဝင်သည့် စဉ်ဆက်ပညာရေးပေါ်ထွန်းအောင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စဉ်ဆက်ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ကျေးလက်နေရပ်သူရွာသား အားလုံးအတွက် အချိန်မရွေးဆုံစည်းရာ၊ အပန်းဖြေရာ၊ သတင်းအချက်အလက်ရယူရာ၊ အသက်မွေးဝမ်းကျောင်းပညာဆည်းပူးရာ၊ ရပ်ရေးရွာရေး တိုင်ပင်ဆွေးနွေးရာ ဌာနများဖြစ်သည့် ရပ်ရွာပညာပဒေသာဌာနများသည် အရေးပါလာကြောင်း၊ စံပြကျေးရွာများအပါအဝင် အခြေခံစာတတ်မြောက်ရေး ဆောင်ရွက်ပြီးသည့် ပြည်နယ်၊ တိုင်းများတွင် ရပ်ရွာပညာပဒေသာဌာနများ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ယနေ့ နိုင်ငံတကာတွင် ခေတ်နှင့်အညီ ပေါ်ထွန်းနေသည့် ပညာရပ်များသည် အဆက်မပြတ်ဖြစ်ပေါ်ပြောင်းလဲနေသည့်အတွက် စာတတ်သူတိုင်း စနစ်တကျလေ့လာသင်ယူပြီးမြောက်နိုင်သည့် အခြေအနေနှင့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းများဖြင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။ ဆက်လက်၍ တိုင်းပညာရေးမှူး ဦးစောထွန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကိုလည်းကောင်း၊ လက်ထောက်တိုင်းပညာရေးမှူး ဦးစိန်မောင်ဌေးက ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကိုလည်းကောင်း ဖတ်ကြား သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ အောင်မြေသာစံမြို့နယ် အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်း ကျောင်းသူ မသဲနုနိုင်၊ ဒုတိယဆုရ ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မပန်းနုဝင်းနှင့် တတိယဆုရ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်း ကျောင်းသူ မခင်မြတ်နိုးဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

### ဆုချီးမြှင့်

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ အဌမတန်းကျောင်းသူ မထွေးမီမီထွန်း၊ ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်သက်ဘုန်းနိုင်၊ တတိယဆုရ မလှိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဝင်းတင်ကျော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့တော်ဝန်က စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်တွင် ပထမဆုရ ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မချစ်ဆုဝေ၊ ဒုတိယဆုရ ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆဌမတန်းကျောင်းသား မောင်မျိုးသက်ထွန်း၊ တတိယဆုရ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မအေးသီရိကျော်တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းပညာရေးမှူး ဦးစောထွန်းက ပိုစတာပြိုင်ပွဲ အလယ်တန်းအဆင့်တွင် ပထမဆုရ အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆဌမတန်းကျောင်းသား မောင်အောင်သူရ၊ ဒုတိယဆုရ မဟာအောင်မြေမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကျော်ဇင်ထွန်း၊ တတိယဆုရ ချမ်းအေးသာစံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဥက္ကါမိုးတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

### ဂုဏ်ပြုသီဆို

ထို့နောက် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"ဓာတ်မာန်"** သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **"လူတိုင်းအတွက်ပညာရေး"** သီချင်းဖြင့်လည်းကောင်း ဂုဏ်ပြုသီဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် စာတတ်မြောက်ရေး လှုပ်ရှားမှုပြခန်းများကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် အခမ်းအနားတွင် သီချင်းများဖြင့် ဂုဏ်ပြုသီဆိုသော ကျောင်းသား၊ ကျောင်းသူများ၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၁၀ ရက်က လှိုင်သာယာမြို့နယ် အမှတ် (၅) အခြေခံပညာအလယ်တန်း ကျောင်း ၌ ၂၀၀၅-၂၀၀၆ ခုနှစ် ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည် အ စည်းအ ဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်း ပညာရည်ချွန် ပထမဆုရ မောင် ဘုန်းပြည့်စုံ အား ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဇော်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က-ပ)

## ပလုတ်တုတ်ကလေးပန်းချီ ပြိုင်ပွဲရက်ပြင်ဆင်သတ်မှတ်

ရန်ကုန် စက်တင်ဘာ ၁၄

**လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပလုတ်တုတ် ကလေးဂျာနယ်တို့က ကြီးမှူးကျင်းပမည့် ဒသမ အကြိမ်မြောက် ပလုတ်တုတ်ကလေးပန်းချီပြိုင်ပွဲကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၇ ရက် (သောကြာနေ့) သို့ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)



# ဆီးရီးယားရှိ အမေရိကန်သံရုံး တိုက်ခိုက်ခံရ

ဒမတ်စကတ် စက်တင်ဘာ ၁၄

**ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်မြို့ရှိ အမေရိကန်သံရုံးကို လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့က စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်း၌ စီးနင်းတိုက်ခိုက်ခဲ့ကြသည်။** (အပေါ်ပုံ)

ထိုသို့ အမေရိကန်သံရုံးကို ဝင်ရောက်တိုက်ခိုက်မှုမှာ စက်တင်ဘာ ၁၂ ရက်နံနက် ၁၀ နာရီ ၅ မိနစ် အချိန်ခန့်က ဖြစ်ကြောင်း၊ အဆိုပါ နေရာသည် နိုင်ငံခြားသံတမန်အဖွဲ့များ၊ ဆီးရီးယားအစိုးရအဖွဲ့ဝင်များ နေထိုင်ရာနေရာဖြစ်သည်။

**တိုက်ခိုက်**

တိုက်ခိုက်ရေးသမားများသည် အဖွဲ့ဝင်လေးဦးပါရှိကာ ဗုံးများ၊ စက်သေနတ်များဖြင့် အသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဆီးရီးယားအစိုးရ၏ အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး အမေရိကန်သံရုံးကို ဝင်ရောက် စီးနင်းတိုက်ခိုက်သည့် အကြမ်းဖက် တိုက်ခိုက်ရေးသမား သုံးဦးသေဆုံးကာ တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း ထိုဒဏ်ရာရရှိသူမှာလည်း သေဆုံးခဲ့ပြီဖြစ်ကြောင်းဆာနာသတင်းဌာနက ပြောကြားသည်။

**အချိန်မီ**

တိုက်ခိုက်ရေးသမားများသည် မော်တော်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာပြီး တစ်စီးတွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ကာ သံရုံးအပြင်ဘက် ကားရပ်ရာနေရာ၌ထားရှိခဲ့ခြင်းဖြစ်သည်။ ဆီးရီးယား ဗုံးကျွမ်းကျင်သူများက မော်တော်ယာဉ်ပေါ်မှ ဗုံးများကို အချိန်မီဖြုတ်သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**အပြန်အလှန်**

ဆီးရီးယားအကြမ်းဖက်မှု နှိမ်နင်းရေးနှင့် သံရုံးစီးနင်းတိုက်ခိုက်သူတို့ အပြန်အလှန်ပစ်ခတ်မှုကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ပြီး အရပ်သား ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။

လောလောဆယ်တွင် အဆိုပါ ဖြစ်ရပ်ကြောင့် ဆီးရီးယားရှိ အမေရိကန် သံရုံးပိတ်ထားကြောင်း ဆာနာကထုတ်ပြန်သော သတင်း၌ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နိုင်ငံ၏ ယခုနှစ်ပထမရှစ်လ ကုန်သွယ်ရေးပိုငွေမြင့်တက်

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလနှင့် ဩဂုတ်လအတွင်း ကုန်သွယ်ရေးပိုငွေပြမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၆၅ ဘီလီယံရှိခဲ့ရာ ဩဂုတ်လတစ်လတည်း၌ပင် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈ ဘီလီယံ ရရှိခဲ့သည်။

**တိုးမြင့်**

တရုတ်နိုင်ငံ၏ သွင်းကုန်၊ ပို့ကုန်များအပေါ် ကုန်သွယ်မှုပိုငွေ တိုးတက်မှုမှာ ယခုနှစ် ပထမရှစ်လအတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၀၄၆ ထရီလီယံရှိခဲ့ရာ ယခင်နှစ်အလားတူကာလထက် ၂၃ဒသမ ၉ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်းသိရသည်။

ပြည်ပပို့ကုန်အနေဖြင့် အဆိုပါကာလအတွင်း ၂၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ကာ အမေရိကန်ဒေါ်လာ ၅၉၉ ဒသမ ၆၃ ဘီလီယံရရှိခဲ့ပြီး သွင်းကုန်အနေဖြင့် ၂၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ကာ အမေရိကန် ဒေါ်လာ ၅၀၄ ဒသမ ၉၈ ဘီလီယံဖိုး ရှိခဲ့ကြောင်းသိရသည်။

**ပို့ကုန်**

ယခုနှစ်ဩဂုတ်လတွင် ပြည်ပပို့ကုန်မှာ ၃၂ ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၇၇ ဘီလီယံရရှိခဲ့ပြီး သွင်းကုန်အနေဖြင့်လည်း ၂၄ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၉၇ ဘီလီယံဖိုး ရှိခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**
**နိုင်ငံတကာ သတင်းများ**

# တူရကီ၌ ဗုံးပေါက်ကွဲ ခုနစ်ဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရရှိ

အန်ကာရာ စက်တင်ဘာ ၁၄

**တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် စက်တင်ဘာ ၁၂ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ** (အောက်ပုံ)**လူခုနစ်ဦးသေဆုံးပြီး ၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း တူရကီနိုင်ငံ အင်တီဗီသတင်းဌာနက သတင်းထုတ်ပြန်သည်။**

ဗုံးပေါက်ကွဲမှုမှာ တူရကီနိုင်ငံအရှေ့တောင်ပိုင်း ဒိုင်ယာဘာကါမြို့ ကိုဆူယိုလူလမ်းရှိ ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ စက်တင်ဘာ ၁၂ ရက်ည ၉ နာရီ ၁၅ မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ဗုံးပေါက်ကွဲ**

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူများတွင် ကလေးငယ်ငါးဦးပါဝင်ခဲ့သည်။ ဗုံးပေါက်ကွဲမှုမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို လောလောဆယ် သတင်းမရရှိသေးကြောင်းလည်း အဆိုပါသတင်း၌ ဖော်ပြသည်။

**သေဆုံး**

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရသူ ၁၇ ဦးရှိကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ဘက် ယိုကိုဟားမား၌ ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ရေကူးအားကစားမယ်များ ရေကူးလေ့ကျင့် နေမှုကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယခရီးသည်တင်လေယာဉ် လုံခြုံရေးကြောင့် ဒူဘိုင်းလေဆိပ်သို့နောက်ကျရောက်ရှိ

**ဒူဘိုင်း စက်တင်ဘာ ၁၄**

ဒူဘိုင်းသို့ ပျံသန်းလာသော အိန္ဒိယလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းအား လုံခြုံရေးနှင့်ဘေးကင်းစေရေးအတွက် ယူအေအီး နိုင်ငံ စစ်ဘက်ဆိုင်ရာလေဆိပ်တစ်ခုသို့ လမ်းကြောင်းပြောင်း ဆင်းသက်စေခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)လေကြောင်းပျံသန်းရေးဆိုင်ရာ အရာရှိများက စက်တင်ဘာ ၁၃ ရက်၌ ပြောကြားသည်ကို ဝမ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒူဘိုင်းလေဆိပ်တွင် လုံခြုံရေးအခြေအနေတစ်ရပ်ကြောင့် အိန္ဒိယလေယာဉ် တစ်စင်းအား စစ်ဘက်ဆိုင်ရာလေဆိပ်တစ်ခုသို့ ဆင်းသက်ခဲ့ကာ ခရီးသည်များကိုလည်း ရှာဖွေစစ်ဆေးခဲ့ကြောင်း၊ ယခုအခါ ဒူဘိုင်းလေဆိပ်သို့ ပြန်လည် ဆင်းသက်ခဲ့ပြီဖြစ်ကြောင်း ဝမ်သတင်းဌာနကပြောကြားသည်။

ဒူဘိုင်းလေဆိပ်သို့ ခရီးသည်များ နောက်ကျရောက်ရှိခဲ့သော်လည်း တစ်စုံတစ်ရာပြဿနာမရှိကြောင်း၊ အသေးစိတ်အချက်အလက်များကို ဒူဘိုင်းလေဆိပ် လုံခြုံရေးအရာရှိများက မပြောကြားကြောင်း ၎င်းသတင်း၌ ဖော်ပြထားသည်။

**အမ်အင်အေ၊ရိုက်တာ**

# နီပေါနိုင်ငံမှ ရေဘေးအန္တရာယ်ကြုံတွေ့ရသူများ ကုလသမဂ္ဂက ဒေါ်လာငါးသိန်းဖိုးထောက်ပံ့ပေးမည်

**ခတ္တမန္ဒူ စက်တင်ဘာ ၁၄**

နီပေါနိုင်ငံတွင် မကြာမီက ရေလွှမ်းမှုနှင့်သဘာဝ ဘေးအန္တရာယ်များကြောင့် ဘေးဒုက္ခကြုံတွေ့နေရသော နီပေါ ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ကူညီပေးကြရန် နိုင်ငံတကာမှ အလှူရှင်များသို့ ကုလသမဂ္ဂ ကမ္ဘာ့ စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)က တိုက်တွန်းခဲ့သည်ဟု နီပေါအသံလွှင့်ဌာနက စက်တင်ဘာ ၁၁ ရက်၌ သတင်းထုတ်ပြန်သည်။

**ဖော်ပြ**

နီပေါနိုင်ငံတွင် လွန်ခဲ့သော ခြောက်လကျော်က သဘာဝဘေးဒုက္ခကြောင့် ကောက်ပဲသီးနှံများ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး မကြာမီက ရေလွှမ်းခဲ့မှုကြောင့်လည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

**ပြောကြား**

နီပေါနိုင်ငံရှိ မူဂူ၊ အက်ချမ်၊ ဘာဒီယာနှင့် ဘင်ကေခရိုင် များတွင် သဘာဝဘေးဒုက္ခကြုံတွေ့ခံစားရသူများအတွက် လာမည့်လတွင် အမေရိကန် ဒေါ်လာ ငါးသိန်းပမာဏရှိသော ဆန်၊ ဆီ၊ ပဲနှင့်ဆားစသည်တို့အား ထောက်ပံ့ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ဒဗလျူအက်ဖ်ပီက ပြောကြားသည်။

နီပေါနိုင်ငံ အနောက်ပိုင်းတွင် ပြီးခဲ့သည့် ဇွန်လကတည်းက သဘာဝဘေးဒုက္ခများကြောင့် ဒေသခံပြည်သူ ၂၂၅၀၀၀ ခန့် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

**တရုတ်နိုင်ငံ ယူနန်ပြည်နယ် ချန်ဆာလေဆိပ်၌ လေယာဉ် အကြမ်းဖက်မှု တိုက်ဖျက်ရေး အတွက် လေ့ကျင့်နေသည့် တရုတ်ရဲတပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၁၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ပြောပြရန် ဘိုလီးဘီးယား သမ္မတက သမ္မတဘုရှ်ကို တွေ့ဆုံလို

**လာပက် စက်တင်ဘာ ၁၄**

လူ့အခွင့်အရေးနှင့်ပတ်သက်၍ အမှန်တရားအချို့ကိုပြောပြရန် အမေရိကန် သမ္မတဘုရှ်နှင့်တွေ့လိုကြောင်း ဘိုလီးဘီးယားသမ္မတ မိုရာလက်စ်က အမေရိကန် အပါအဝင် ပြည်ပနိုင်ငံများသို့ ခရီးမထွက်မီ တနင်္လာနေ့က ပြောကြားလိုက်သည်။

**မဟာမိတ်**

ဘိုလီးဘီးယားသမ္မတ မိုရာလက်စ်သည် အမေရိကန် ပြည်ထောင်စုကို ဝေဖန်ပြစ်တင်သည့် ဗင်နီဇွဲလားသမ္မတချာဗက်ဇ်၏ ရင်းနှီးသော မဟာမိတ် တစ်ဦးဖြစ်သည်။

**တွေ့ဆုံရန်စီစဉ်**

သမ္မတမိုရာလက်စ်သည် လာမည့်ရက်သတ္တပတ်တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်သောအခါ အမေရိကန်သမ္မတဟောင်းများ ဖြစ်ကြသည့် ကလင်တန်နှင့်ဂျင်မီကာတာတို့နှင့် တွေ့ဆုံရန်စီစဉ်ထားသည်။

ဂွာတီမာလာ ကျူးဘားနှင့် အမေရိကန်သုံးနိုင်ငံ ခရီးစဉ်ကို သမ္မတ မိုရာလက်စ်သည် အင်္ဂါနေ့တွင် စတင်မည်။ သူသည် အမေရိကန်ပြည်ထောင်စုသို့ စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ နေထိုင်စဉ် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်မည်ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**



## ဥမင်လိုဏ်ခေါင်းပြိုကျ

**ယူနန်ပြည်နယ် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဥမင်လိုဏ်ခေါင်းပြိုကျရာ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကိုစက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်ယူနန်ပြည်နယ်၌ ဥမင်လိုဏ်ခေါင်းပြိုကျ အလုပ်သမား ၂၅ဦးကို ကယ်တင်နိုင်ခဲ့

**ကူမင်း စက်တင်ဘာ ၁၃**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ စက်တင်ဘာ ၁၂ ရက်က အဝေးပြေးလမ်းမကြီးပေါ်ရှိ ဥမင်လိုဏ်ခေါင်းပြိုကျရာ အလုပ်သမား ၂၅ ဦး ၂၆ နာရီကြာပိတ်မိခဲ့ကြရာမှ ကယ်ဆယ်ရေးအဖွဲ့က အောင်မြင်စွာ ကယ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

**လွတ်မြောက်ခဲ့**

ယင်းဖြစ်ပွားမှုသည် ဂွမ်နန်နှင့် ယန်ရှန်းမြို့ကြားရှိ အဝေးပြေးလမ်းမပေါ်၌ စက်တင်ဘာ ၁၁ရက်နံနက် ၁၁နာရီ မိနစ်၄၀က ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ မီတာ ၅၀ကျော်ရှည်သည့် ဥမင်လိုဏ်ခေါင်းအတွင်း အလုပ်သမားများ ပိတ်မိနေစဉ် ၎င်းတို့အတွက် အစားအစာနှင့်ရေများကို သံမဏိပိုက်မှတစ်ဆင့် ပေးပို့ခဲ့ရသည်။

**ဆေးကုသပေး**

၎င်းပိတ်မိနေသည့် အလုပ်သမားများကို စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီ ၂၅မိနစ်တွင် ကယ်ဆယ်နိုင်ခဲ့ပြီး ဒေသဆိုင်ရာ ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသပေးလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

# မလေးရှားလေဆိပ်အားလုံးတွင် အင်တာနက်ဝန်ဆောင်မှုဖြည့်ဆည်းပေးသွားမည်

ကွာလာလမ်ပူ စက်တင်ဘာ ၁၄

**လာမည့်နှစ်၌ မလေးရှားနိုင်ငံရှိ လေဆိပ် ၃၉ခု စလုံးတွင် အင်တာနက် အခမဲ့ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မလေးရှား လေဆိပ်များစီမံခန့်ခွဲမှု(အမ်အေအိပ်ချ်ဘီ)မှ မန်နေဂျင်းဒါရိုက်တာ ဘာရှားအာမတ်က စက်တင်ဘာ ၁၂ရက်၌ ပြောကြားသည်။**

**စတင်ပြုလုပ်**

မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူ နိုင်ငံတကာ လေဆိပ်တွင် အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းများ စတင်ပြုလုပ်ပေးပြီး နောက်ပိုင်း ဘာရှား အာမတ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ကုန်ကျ**

အမ်အေအိပ်ချ်ဘီ အနေဖြင့် ကွာလာလမ်ပူနိုင်ငံတကာ လေဆိပ်၌ အင်တာနက် ကွန်ရက်ချိတ်ဆက်မှု များ အဆင့်မြင့်တင်ဆောင်ရွက်မှုအတွက် အမေရိကန်ဒေါ်လာ ဖြဒသမ ၇၅ သန်းခန့် ကုန်ကျသုံးစွဲခဲ့သည်ဟု ၎င်းက ပြောကြားသည်။

လောလောဆယ်တွင် ကွာလာလမ်ပူ လေဆိပ်၌ ဆက်သွယ်ရေး အဆောက်အအုံအပြင် ခရီးသည် အဝင်အထွက် ခန်းမများ၌လည်း အင်တာနက်ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်သည်။

**ပြုလုပ်ပေးသွားမည်**

ကွာလာလမ်ပူလေဆိပ်၌ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ လုပ်ငန်း တပ်ဆင်ပြီးဆုံးသွားပါက မလေးရှား နိုင်ငံရှိ ကူချင်း၊ ကိုတာကီနာဘာလူနှင့် ပီနန်လေဆိပ်များတွင်လည်း ယခုနှစ်ကုန်တွင် ပြုလုပ်ပေးသွားမည်ဖြစ် သည်။

**တပ်ဆင်ဖြည့်ဆည်း**

ထို့အပြင်အခြားပြည်တွင်းလေဆိပ်များတွင်လည်း ၂၀၀၇ခုနှစ် ကုန်၌ အင်တာနက်ဝန်ဆောင်မှုများ တပ်ဆင်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဘာရှားအာမက်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဖဂန်နစ္စတန်တွင်တိုက်ပွဲများဖြစ်ပွား

**ကဘူးလ် စက်တင်ဘာ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇီနီပြည်နယ်အလယ်ပိုင်းတွင် စက်တင်ဘာ ၁၂ရက် က တာလီဘန်များနှင့် အာဖဂန် တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ တာလီဘန် ၁၆ဦးနှင့် အာဖဂန် တပ်ဖွဲ့ဝင်တစ်ဦးသေ ဆုံးသွားခဲ့သည်ဟု ပြော ရေးဆိုခွင့်ရှိသူ တစ်ဦးက ဆင်ဟွာ သတင်း ဌာနသို့ ပြောကြားသည်။ အန်ဒါခရိုင်နှင့် ဒီရတ်ခ်ခရိုင်များတွင် တိုက်ပွဲများဖြစ်ပွားရာ တာလီဘန် ၁၂ဦးနှင့် အာဖဂန် တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဂါဇီနီပြည်နယ် အုပ်ချုပ်ရေးမှူး၏ ပြောရေး ဆိုခွင့်ရှိသူ အဗ္ဗဒူအလီဖာကူရီက ပြောကြားသည်။

**ထပ်လောင်းပြောကြား**

ဂါဇီနီပြည်နယ်ရှိ အီဖန်ဒီ ဒေသတွင်လည်း တိုက်ပွဲတစ်ခု ထပ်မံ ဖြစ်ပွားရာ တာလီဘန် လေးဦး သေဆုံးခဲ့ကြောင်း၎င်းကထပ်လောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## ကမ္ဘာ့အသေးငယ်ဆုံး ဒိုင်ယာရီစာအုပ်

**ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ဒိုင်ယာယီစာအုပ်လေးတစ်အုပ်ကို ပြသထားစဉ်။** (ယာပုံ)

အိန္ဒိယနိုင်ငံ စီလီဂူရီမြို့တွင် ရေစိုခံဒိုင်ယာရီ မှတ်တမ်းစာအုပ်လေးတစ်အုပ်မှာ အရွယ်အစား ၃ X ၃ မီလီမီတာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ဒိုင်ယာရီစာအုပ်လေးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**




## ကမ္ဘာ့အကြီးဆုံး မွေးနေ့ကိတ်

**အထူးစီမံ ပြုလုပ်ထားသောမွေးနေ့ ကိတ်ကြီးတစ်ခုကိုတွေ့ရစဉ်။** (ဝဲပုံ)

ဟောင်ကောင်ရှိ အပန်းဖြေဥယျာဉ်တစ်ခုအတွင်း ပြုလုပ်ပြသထားသည့် မွေးနေ့ကိတ်ကြီး တစ်ခုမှာ အလွန်ကြီးမားပြီး မွေးနေ့ကိတ်ပေါ် တွင် မီကီမောက်ရုပ်ပြောင်ပုံစံ ဒီဇိုင်းကို ထည့်သွင်းပုံဖော်ပြုလုပ်ထားသည်။ ၎င်းအပန်းဖြေဥယျာဉ်၏ နှစ်ပတ်လည် အခမ်းအနားအထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကိတ်မုန့်ကြီးဖြစ်သည်။ **(အင်တာနက်)**

# အရှေ့အလယ်ပိုင်းဆိုင်ရာ ကန်၏မူဝါဒကြောင့် တိုက်ခိုက်ခံရမှုများဖြစ်စေခဲ့ဟုဆို

**ဒမတ်စကတ် စက်တင်ဘာ ၁၄**

အမေရိကန်ပြည်ထောင်စု၏ အရှေ့အလယ်ပိုင်းဆိုင်ရာ မူဝါဒသဘောထားကြောင့် ပြည်ပနိုင်ငံများရှိ အမေရိကန်သံရုံးအဖွဲ့ဝင်များကို အတိုက်ခိုက်ခံရစေကြောင်း၊ နောက်ဆုံးတွင် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အမေရိကန်သံရုံးကို အတိုက်ခံရခြင်းဖြစ်ကြောင်း ဆီးရီးယားဆန်းစစ်လေ့လာသူအချို့က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

**တွက်ဆထား**

အမေရိကန်သံရုံး အတိုက်ခံရသည်ဆိုသော သတင်းကြောင့် မိမိအံ့သြတုန်လှုပ်ခြင်းမရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုအနေဖြင့် မတရားမှုတွေ လုပ်နေခြင်းကြောင့် ယင်းသို့ဖြစ်မည်ဟု တွက်ဆထားကြောင်းဖြင့် ဆီးရီးယားအမတ် မိုဟာမက်ဟာဘက်ရှ်က သတင်းထောက်များအား ပြောကြားသည်။

**ဓားစာခံဖြစ်**

အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မူဝါဒ သဘောထားပြောင်းလဲအောင် အစွန်းရောက်သမားများက ကြံစည်ဆောင်ရွက်သောအခါ အမေရိကန်သံရုံးများမှာ ဓားစာခံဖြစ်ကြရကြောင်း ၎င်းကရှင်းပြသည်။

**သဘောပေါက်**

ထိုဆီးရီးယားအမတ်၏ အမြင်ကိုလက်ခံသည့် ဆီးရီးယားပြန်ကြားရေးဝန်ကြီးဟောင်း ဒါလူလာက အမေရိကန်တို့အနေဖြင့် ကိုယ်ကျင့်သုံးသည့် မူဝါဒကြောင့်မည်သို့အကျိုးဆက် ပေါ်ပေါက်ရသည်ကို သိမြင်သဘောပေါက်လိမ့်မည်ဟု မိမိယူဆကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံ

**ရန်ကုန် စက်တင်ဘာ ၁၄**

ပေါင်းတည်မြို့နယ် ဗုဒ္ဓမြတ်စွယ်တော်(၁၀၆)ကြိမ်မြောက် အပူဇော်ခံပွဲတော်ကို စက်တင်ဘာ ၃ရက်က သကျမုနိမိုဃ်းကောင်းဘုရား ပရိဝုဏ်အတွင်းရှိ ဂန္ဓကုဋိတိုက် အာရုံခံ တန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် ပဓာနနာယကဆရာတော် ၁၀ပါးတို့က သကျမုနိမိုဃ်းကောင်းဘုရားနှင့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

**သီဆိုပူဇော်**

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား ဂန္ဓကုဋိတိုက်မှ အပူဇော်ခံရာ ရွှေကျောင်းဆောင် ပလ္လင်တော်ပေါ်သို့ ကြွမြန်းပါရန် ဂါထာတော်ဖြင့် ပင့်လျှောက်ကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီး စိန်မြင့်၊ မြတ်စွယ်တော် အခမ်းအနားစီစဉ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းနှင့်အဖွဲ့ဝင်များက လက်ဆင့်ကမ်း ပင့်ဆောင်၍ ရွှေကလပ်အုပ်ဆောင်းကို ဖွင့်လှစ်ကာ ည ၁၀နာရီအထိ အပူဇော်ခံပြီး ဗုဒ္ဓမြတ်စွယ်တော်အား ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

**အပူဇော်ခံ**

ဗုဒ္ဓမြတ်စွယ်တော်အား စက်တင်ဘာ၄ရက် မွန်းလွဲ၁နာရီတွင် ရွှေကလပ်အုပ်ဆောင်းအတွင်းမှ ငွေကလပ်အုပ်ဆောင်းအတွင်းသို့ ပြောင်းရွှေ့ပြီး တာဝန်ရှိသူများက ဆင်ရတနာပေါ်သို့ လက်ဆင့်ကမ်း ပင့်ဆောင်ကြကာ ပေါင်းတည်မြို့အတွင်း လှည့်လည် အပူဇော်ခံသည်။

**ရတနာစိန်ကြုတ်ဖွင့်**

ဗုဒ္ဓမြတ်စွယ်တော် ရတနာစိန်ကြုတ် ဖွင့်လှစ်ပူဇော်ခံပွဲကို ညနေပိုင်းတွင် ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်၊ မြတ်စွယ်တော်အခမ်းအနား စီစဉ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တာဝန်ရှိသူတို့က ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရွှေကလပ်ဖြင့် အပူဇော်ခံရာ ရွှေကျောင်းဆောင်ပလ္လင်ပေါ်သို့ ပင့်ဆောင်ကြပြီး အခမ်းအနားစီစဉ်မှု အဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းက ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရာ စိန်ကြုတ်တော်ကို ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်းရှိ ပခုက္ကူ ဓမ္မာရုံကို ၂၀၀၅/၂၀၀၆ ခုနှစ်အတွင်း ပြုပြင်မွမ်းမံပြီးဖြစ်၍ ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို စက်တင်ဘာ ၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းနာယကများ၊ အသင်းဝင်များနှင့် အလှူရှင်များအား ဖိတ်ကြားထားပြီး ဖိတ်စာမရသည့် အလှူရှင်များလည်း တက်ရောက်နိုင်ကြောင်း သိရသည်။

**(၃၅၂)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများနှင့် မိခင်ကြီး ဒေါ်တု၊ (သား) ဦးသိန်းအောင် (ခ) ဦးတင့်လွင်အား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အင်းစိန်လမ်းမကြီး အမှတ်(၁၀)နေ ဒေါ်သိန်းညွန့်၊ ဒေါ်ခင်အေး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် ဖခင်ကြီး (ဦးသန်းဆွေ) အား ရည်စူး၍ မန္တလေးမြို့ ဆိုင်းတန်းရပ် (၂၆)ဘီလမ်း၊ ၈၇လမ်းထောင့်နေ ဇနီးဒေါ်သောင်းကြည်နှင့် သားသမီးမြေးတစ်စု (မန္တလေးရတနာပုံ ထီဆိုင်) မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ စာသင်တိုက်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၀၇ခုနှစ် ဇန်နဝါရီ၄ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ဖွံ့ဖြိုးသာစွ တို့ပြည်အလှ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန် သက်ဆိုင်ရာက ဖိတ်ခေါ်ထားသည်။ ရိုက်ကူးယှဉ်ပြိုင်မည့် အကြောင်းအရာမှာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ယဉ်ကျေးမှုများ၊ ရှုခင်းများ စသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လှပမှုများကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ကြရန်ဖြစ်သည်။

**ချီးမြှင့်မည်**

ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀လက်မ၊ ၁၄လက်မဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**စုံစမ်းမေးမြန်းနိုင်**

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ ၁၅ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် စာတည်းမှူး (ထုတ်လုပ်ရေးဌာနခွဲ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၁၃၄၂၊ ၃၇၁၃၄၀တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညောင်ကန်အေးဆရာတော်တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် ညောင်ကန်အေး မဟာစည်သာသနာ့ရိပ်သာ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန် အရှင်ဣန္ဒက ဆရာတော်သည် (တော်သလင်းလကွယ်) စက်တင်ဘာ၂၁ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ပြီး ဆရာတော်အား ဝါဆိုသင်္ကန်းများ ကပ်လှူမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၅-၉-၂၀၀၆ ရက် (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်

၈:၂၀ ၇။ အတီးပြိုင်ပွဲ

၈:၃၅ ၈။ International News

၈:၄၅ ၉။ English For Everyday Use

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ တေးဂီတအစီအစဉ်

၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၁၇:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ

၁၇:၃၀ ၇။ **"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)

၁၇:၄၀ ၈။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)(ဝါသနာရှင်အဆင့်) (အမျိုးသမီး)

၁၇:၅၀ ၉။ အထူးအမြန်ရထား စီးကာသွား

၁၈:၀၀ ၁၀။ ညနေခင်းသတင်း

၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်

၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း-၁)

၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

# အင်တာနက်သတင်းနှင့် ဓာတ်ပုံ

### ✡ ကျောဖုံးမှ

နေ၏အလင်းရောင်မှာ မြန်ဆန်ပြီး ပြင်းထန်သဖြင့် နေမျက်နှာပြင်မှ ထုတ်လွှတ်ပြီး မိနစ်၃၀အတွင်းမှာပင် ကမ္ဘာမြေပြင်၌ အာကာသယာဉ်မှူးများနှင့် အဆက်အသွယ် ပြတ်တောက်ကုန်ခြင်း ဖြစ်စေနိုင်သည်။

**စီစဉ်ထား**

နေကိုလေ့လာမည့် အာကာသယာဉ်ကို ဂျပန်နိုင်ငံ တောင်ပိုင်း အာကာသယာဉ်စခန်းမှ စက်တင်ဘာ ၂၂ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

**(ကိုးကား-အင်တာနက်)**



# မိုလ်ဘိုင်းဖုန်းအသုံးပြုခြင်းသည် စိတ်ဖိစီးမှုနှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ဟုဆို

**ယနေ့ကာလတွင် လူတို့အနေဖြင့် မိုလ်ဘိုင်းဖုန်းများကို လိုလိုလားလား သုံးစွဲမှုများပြားလာလျက်ရှိရာ ထိုသို့ မိုလ်ဘိုင်းဖုန်းများ အသုံးပြုခြင်းသည် စိတ်ဖိစီးမှုနှင့် အလိုမကျမှုစသည့် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း လန်ဒန်ရှိ စိတ်ပညာရှင်များက ပြောကြားသည်။**

သွေးပေါင်အတက်အကျ

**ထို့အပြင် မိုလ်ဘိုင်းဖုန်းများ သုံးစွဲခြင်းသည် သွေးပေါင် အတက်အကျကိုလည်းဖြစ်စေကြောင်း၊ သုံးစွဲသူ၏ အမူအကျင့် အလေ့အထကိုလည်း ပြောင်းလဲစေကြောင်း မိုလ်ဘိုင်းဖုန်း သုံးစွဲသူ ၁၀၆ ဦးအား လေ့လာခဲ့ရာ ၁၆ရာခိုင်နှုန်းမှာ အဆိုပါ ပြဿနာများ ဖြစ်ပွားလျက်ရှိကြောင်း စိတ်ပညာရှင် ဒေါက်တာဒေးဗစ်ရှက်ဖ်ဖီး က ပြောကြားသည်။**

ကျန်းမာရေးထိခိုက်မှု

**တစ်ဖန် မိုလ်ဘိုင်းဖုန်းများ သုံးစွဲခြင်းသည် ကင်ဆာရောဂါများ ဖြစ်ပွားမှုကိုလည်း တိုးမြင့်ဖြစ်ပေါ်စေကြောင်း၊ မိုလ်ဘိုင်းဖုန်းကို များများသုံးခြင်းသည် ကျန်းမာရေးအား ထိခိုက်မှု ဖြစ်စေကြောင်းလည်း ၎င်းက ထောက်ပြထားသည်။**

အကြံပြု

**ထို့ကြောင့် မိုလ်ဘိုင်းဖုန်းများ အလွန်အကျွံသုံးစွဲခြင်းကို ရှောင်ကြဉ်ပြီး တတ်နိုင်သမျှ အနည်းဆုံးသာ အသုံးပြုရန်လည်း ဒေါက်တာဒေးဗစ် ရှက်ဖ်ဖီးက အကြံပြုထားသည်။**

(အင်တာနက်)

# ၂၀၀၆ခုနှစ် ထောင်စုနှစ်နည်းပညာဆု ပါမောက္ခရှုဂျီနာကာမူရာအား ချီးမြှင့်



၂၀၀၆ ခုနှစ် ထောင်စုနှစ် နည်းပညာဆုကို အပြာရောင် လေဆာရောင်ခြည်ကို စတင်တီထွင်သူ ပါမောက္ခရှုဂျီနာကာမူရာ**(ယာ)**အား အပ်နှင်းလိုက်သည်။

ပါမောက္ခနာကာမူရာသည် အလင်းရောင်ထုတ်ပေးသည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ အပြာ၊ အစိမ်း၊ အဖြူရောင် စသည့် အလင်းရောင်ထုတ်ပေးသည့် ဒိုင်အုတ် (အယ်အီးဒီ)နှင့် အပြာရောင် လေဆာရောင်ခြည် ဒိုင်အုတ်တို့ကို တီထွင်ခြင်းဖြင့် လွန်ခဲ့သည့် ၁၀နှစ်ကျော်က ကမ္ဘာ့လူသားထုကို အံ့မခန်းဖြစ်သွားစေခဲ့သည်။

**ပြောင်းလဲ**

အပြာရောင် လေဆာရောင်ခြည် အလင်းရောင်က နယ်ပယ်ကဏ္ဍများစွာတွင် အထူးပင်အသုံးဝင် အကျိုးပြုလာခဲ့သည်။ သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ၏ သဘောသဘာဝကို ပြောင်းလဲသွားစေခဲ့သည်။

ဖင်လန်သမ္မတတာဂျာဟာလွန့်နားက ဂျပန်နိုင်ငံသား ပါမောက္ခရှုဂျီနာကာမူရာအား ယူရိုငွေတစ်သန်း (ဒေါ်လာ၆၈၀၀၀၀)ဆုကို ချီးမြှင့်လိုက်သည်။

ကမ္ဘာတစ်ဝန်း လမ်းအချက်ပြ မီးသီးများတွင် ပါမောက္ခနာကာမူရာ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများကိုအသုံးပြုသဖြင့် သာမန်ခြောက်လခံရာမှ ၁၀နှစ်ကျော်အထိ အသုံးခံမည်ဟု မှန်းဆထားသည်။ **(ကိုးကား-အင်တာနက်)**

# မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(မကွေးတိုင်း)ဖွဲ့စည်း ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၄

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(မကွေးတိုင်း) ဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၉ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နာယက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တို့ တက်ရောက်အမှာစကား ပြောကြားကြသည်။**

## ဖွဲ့စည်းတာဝန်ပေး

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးကြီးငွေက မကွေးတိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ် အလုပ်အမှုဆောင်များကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။ ဆက်လက်၍ မကွေးတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က နှုတ်ခွန်းဆက်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ မွန်းလွဲ ၁ နာရီခွဲတွင် မင်းလှမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန စံပြဆိတ် မွေးမြူရေးခြံသို့ သွားရောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း ပွင့်ဖြူမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန စံပြဝက်မွေးမြူရေး ခြံသို့ရောက်ရှိ၍ စံပြဝက်မွေးမြူရေးခြံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။



**တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော်ကြီး၏ပန်းတင် ခုံသံပန်းကာရန် တောင်ဥက္ကလာပ မြို့နယ် (၉)ရပ်ကွက် မေတ္တာလမ်းနေ ဦးစိန်သန်း-ဒေါ်ခင်လေးဝင်းမိသားစု က အလှူ ငွေကျပ်နှစ်သိန်းငါးသောင်း ကို ဩဂုတ် ၂၇ရက်က ဩဝါဒါစရိယ (ပျော်ဘွယ်)ဆရာတော် ဦးနရိန္ဒထံမှ ရေစက်ချ အနုမောဒနာတရား နာယူ ပြီး ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေး မှူး ဦးဝင်းမောင်ထံ ပေးအပ်လှူဒါန်း စဉ်။** (၂၀၀)



# မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၃မှု ၂၀၀၆ခုနှစ်ဩဂုတ်လအတွင်း ဖမ်းဆီးနိုင်ခဲ့

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၀၆ခုနှစ် ဩဂုတ်လတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၅၃မှုကို ဖမ်းဆီး နိုင်ခဲ့ပြီး ဘိန်း၄၆မှု အလေးချိန် ၉၇ ဒသမ ၈၈၇၁ ကီလို၊ ဘိန်းဖြူ ၉၁မှု အလေးချိန် ၅ ဒသမ ၁၅၈၃ ကီလို၊ ဘိန်းဆီ၁၀မှု အလေးချိန် ဒသမ ၄၃၅၅ ကီလို၊ အဆင့်နိမ့်ဘိန်း၂၀မှု အလေးချိန် ၃၇ ဒသမ ၃၅၃၂ ကီလို၊ ဆေးခြောက် ကိုးမှု အလေးချိန် ၈ဒသမ၉၃၁၉ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၄မှု ၂၀၇၉၆၈ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် တစ်မှု အလေးချိန် ဒသမ၀၂၁၁ ကီလို၊ ဘိန်းစာမှုန့် ၁၀မှု အလေးချိန် ၆ ဒသမ ၂၉၀၂ ကီလို၊ စိတ်ကြွရူးသွပ် ဆေးခဲ (အိုက်စ်) တစ်မှု အလေးချိန် ဒသမ ၃၇ ကီလို၊ အက်စစ်တစ်အင် ဟိုက်ဒြိုက် ပမာဏ ၆၈ဒသမ၂၅ လစ်တာ၊ ဓာတုဆေးရည် ပမာဏ ၇၉၀ ဒသမ ၅ လစ်တာ၊ ဓာတုဆေးမှုန့်တစ်မှု အလေးချိန် ၇၆၁ ဒသမ ၈၁ ကီလို၊ မှတ်ပုံတင်ပျက်လေးမှုနှင့် အခြားအမှု ခြောက်မှုတို့ ဖြစ်သည်။

## ရမိ

တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ က စိတ်ကြွရူးသွပ်ဆေးပြား တစ်မှု ၃၁ ပြားကို ဖမ်းဆီးရမိခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီး ရမိမှုများမှာ ဘိန်း၄၆မှု အလေးချိန် ၉၇ ဒသမ ၈၈၇၁ ကီလို၊ ဘိန်းဖြူ၉၁မှု အလေးချိန် ၅ ဒသမ ၁၅၈၃ ကီလို၊ ဘိန်းဆီ၁၀မှု အလေးချိန် ဒသမ ၄၃၅၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀မှု အလေး ချိန် ၃၇ ဒသမ ၃၅၃၂ ကီလို၊ ဆေး ခြောက်ကိုးမှု အလေးချိန် ၈ဒသမ ၉၃၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃မှု ၂၀၇၉၃၇ ပြား၊ စိတ်ကြွ ရူးသွပ် ဆေးမှုန့်တစ်မှု အလေးချိန်ဒသမ ၀၂၁၁ ကီလို၊ ဘိန်းစာမှုန့်၁၀မှု အလေးချိန် ၆ ဒသမ ၂၉၀၂ ကီလို၊ စိတ်ကြွရူးသွပ် ဆေးခဲ (အိုက်စ်)တစ်မှု အလေးချိန် ဒသမ ၃၇ ကီလို၊ အက်ဆစ်တစ် အင်ဟိုက်ဒြိုက်ပမာဏ ၆၈ ဒသမ ၂၅ လစ်တာ၊ ဓာတုဆေးရည်ပမာဏ ၇၉၀ ဒသမ ၅လစ်တာ၊ ဓာတု ဆေးမှုန့်တစ်မှု အလေးချိန် ၇၆၁ဒသမ၈၁ ကီလို မှတ်ပုံ တင်ပျက်လေးမှုနှင့်အခြားအမှု ခြောက်မှု တို့ဖြစ်သည်။

## အရေးယူ

၂၀၀၆ခုနှစ် ဩဂုတ်လတွင် အမှု ပေါင်း၂၅၃မှုကိုဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား၃၀၃ဦး၊ တရားခံ မ၇၅ဦး စုစုပေါင်း တရားခံ ၃၇၈ ဦးတို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန် စက်တင်ဘာ ၁၄**

# တာမွေမြို့နယ်အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှား ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားဝေငှ

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့ နယ်အတွင်းရှိ မူလတန်း(၁၀)ကျောင်း တို့တွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တ ပတ်လှုပ်ရှားမှုကို စက်တင်ဘာ၈ရက် မှ ၁၅ရက်အထိ လှုပ်ရှားဆောင်ရွက် လျက်ရှိရာ မေတ္တာညွန့်ရပ်ကွက် အမက(၂၆)၌ စက်တင်ဘာ ၁၂ ရက်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနားတွင်ကျောင်းသား ကျောင်းသူ ၂၆၃ဦးတို့အား အိုင်အိုဒင်း ဆားအကြောင်း သိကောင်းစရာဟော ပြောခြင်း၊ မူကြိုကလေးငယ်၃၉ ဦးတို့ အား ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ ဂျုံဖြင့်ပြုလုပ်သော အာဟာရ ကျွေးမွေး ခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာ ကြသည့် ကိုယ်ဝန်ဆောင်မိခင်၂၀တို့ အား သံဓာတ်ပါသော ဆေးဝါး၊ အိုင်အိုဒင်းဆားနှင့် ထောက်ပံ့ပစ္စည်း များကို ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် နှင့် အဖွဲ့ဝင်များ၊ တာမွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အေးတို့ က ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ) (၁၁၅)**



**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ဆောက်လုပ်ပြီးစီးသည့် သင်တန်းခန်းမဆောင် လွှဲပြောင်းပေးအပ်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက်က အဆို ပါ သင်တန်းခန်းမဆောင်တွင် ကျင်းပရာ သင်တန်းခန်းမဆောင် အဆောက် အအုံဆိုင်ရာ စာရွက်စာတမ်းများအား World Vision (Myanmar)မှ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တာဝန်ခံအရာရှိ ဒေါက်တာအိုင်ဗင်က မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြမြ ဝင်းသို့ လွှဲပြောင်းပေးအပ်စဉ်။** (၄၀၀)



**ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြို့နယ် အတွင်း ကျောင်းများမှ အသင်းဝင် ထူးချွန် ကျောင်းသူကျောင်းသားများ အား ပညာရေးထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင်က သုဝဏ္ဏ(၂၅)ရပ်ကွက် အသင်းသူ တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မမြတ် ဖြိုးဖြိုးထက်အား ဘာသာစုံထူးချွန် ဆု ချီးမြှင့်စဉ်။** (၀၅၂)

**စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်**

# စိုက်ပျိုးရေကို နီးနီးနားနားမှာရပြီး ပြည့်ပြည့်စုံစုံရှိတော့ ဝမ်းသာမိ စပါးစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးသည့် နိုင်ငံတော်ကို ကျေးဇူးတင်

**"ယခင်က ပဲ၊ နှမ်း စိုက်ပျိုးပြီး ယခုအခါတွင် စပါး ၁၀ ဧက စိုက်ပျိုးကြောင်း၊ ယခု ဆည်တမံ တည်ဆောက်ပေးပြီး ရေကို နီးနီးနားနားမှာ ရတဲ့အတွက်ဝမ်းသာ"**



တောင်သူမကြီး ဒေါ်မြင့်ဝေ
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

● ရွှေဖုံးမှ

## စိမ်းလန်းစိုပြည်ရေး

မြေခဲတောင် ရေလှောင်တမံသည် မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာ၏ အနောက်ဘက် ငါးဖာလုံခန့်အကွာတွင်တည်ရှိပြီး မြေခဲတောင်စီမံကိန်းကိုတည်ဆောက်ခြင်းဖြင့် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း လယ်မြေဧက ၅၀၀ ကို ဆည်ရေပေးသွင်းနိုင်မည်ဖြစ်ပြီး ဒေသဆန်ဖူလုံရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

## ရောက်ရှိ

မြန်မာ့အလင်းသတင်းအဖွဲ့သည် မြေခဲတောင်ရေလှောင်တမံ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ စက်တင်ဘာ ၇ ရက်တွင် ပခုက္ကူခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းထိုက် လိုက်ပါ၍ မြေခဲတောင်ရေလှောင်တမံသို့ ရောက်ရှိသွားကြသည်။

မြေခဲတောင် ရေလှောင်တမံမှာ အဓိကအားဖြင့် ရေလှောင်တမံ တည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေပေးတူးမြောင်း တည်ဆောက်ခြင်း အဓိကလုပ်ငန်းလေးရပ်ကို ဦးစီးအရာရှိ ဦးစိုးဝင်းဦးဆောင်၍ ၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ယခုအခါ တည်ဆောက်ခြင်းလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

## သိုလှောင်ထား

မြေခဲတောင်ရေလှောင်တမံမှာ မြေခဲတောင်ရိုးကိုပိတ်၍ မြေသားတမံတည်ဆောက်ခြင်းဖြစ်ပြီး တမံအမြင့် ၄၄ ပေ၊ တမံအလျားပေ ၁၃၀၀ ရှိသည့် မြေခဲတောင်ဒေသမှာ မိုးနည်းရေရှားဒေသဖြစ်သည့်အားလျော်စွာ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ တစ်နှစ်လုံးမှ ၁၉ လက်မသာရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၁၄၀၀ ခန့်ရှိသောကြောင့် အမြင့်ပေ ၄၄ လက်မ၊ အလျားပေ ၁၃၀၀ ရှိသော မြေသားတမံတည်ဆောက်၍ ရေများသိုလှောင်ထားရှိမည်ဖြစ်သည်။

ခန့်မှန်းလျာထား သတ်မှတ်ထားသော မိုးရေချိန်နှင့် စီးဝင်ရေများရရှိပါလျှင် ကန်ရေပြည့် ဧကပေ ၂၀၈၀ သိုလှောင်ထားနိုင်ပြီး ကန်ရေပြည့် ရေပြင်ကျယ်မှာ ဧရိယာ ဧက ၂၀၈ ဧကရှိမည်ဖြစ်သည်။

## အပြီးသတ်

သိုလှောင်ထားသော သတ်မှတ်ရေလှောင်ပမာဏရရှိသည်နှင့် ရေပေးရေးအတွက် ရေထုတ်ပြွန်အလျားပေ ၂၂၀ မှ ၁၅ ကုဗပေ/စက္ကန့်ရေပေးဝေမည်ဖြစ်သည်။ ရေများပေးဝေရန် အတွက် အလျားပေ ၁၂၀၀၀ ရှိသော တူးမြောင်းကြီးကိုလည်း အပြီးသတ်တည်ဆောက်ပြီးဖြစ်သည်။

မြေခဲတောင်ရေလှောင်တမံ ဒေသတစ်ဝိုက်တွင်ရှိကြသော ကျေးရွာသူကျေးရွာသားများမှာ များသောအားဖြင့် ပဲ၊ နှမ်း၊ ပြောင်း စသော ယာယီသီးနှံများ စိုက်ပျိုးနေကြခြင်းကြောင့် စပါးစိုက်ပျိုးခြင်း အလေ့အကျင့်မရှိခဲ့ကြပါ။ မြေခဲတောင်ရေလှောင်တမံ ဖွင့်လှစ်ပြီး ရေပေးဝေခဲ့လျှင် ဧရိယာ ဧက ၅၀၀ သို့ ရေပေးပြီး၊ စပါးစိုက်ပျိုးရန် စီမံလျာထားသည့်အတွက် စပါးစိုက်ပျိုးမှု အလေ့အကျင့်ရှိစေရန် ရေလှောင်တမံအနီးတစ်ဝိုက်ရှိ ကျေးရွာသူ ကျေးရွာသားများ စပါးစိုက်ပျိုးခြင်း အလေ့အကျင့်ရစေရန် စတင်သိုလှောင်ထားသည့် ရေများ ထုတ်ပေးသဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးမန်နေဂျာများနှင့် ဆည်မြောင်းဌာနတို့ပူးပေါင်း၍ စပါးပျိုးထောင်ခြင်း၊ အတန်းလိုက်စိုက်ပျိုးခြင်း စသည့် နည်းပညာများကို လက်တွေ့ပြသ စိုက်ပျိုးလေ့ကျင့်ပေးသည်ကို တွေ့ရှိရသည်။

**"ဒီဒေသမှာ ယခင်က ယာလုပ်ငန်းများကြောင့် လယ်စိုက်ပျိုးတာ စားဖို့လောက်သာ စိုက်ခဲ့ကြ၊ ယခုအခါမှာ ယာလုပ်ငန်းမှ လယ်စိုက်ပျိုးခြင်းလုပ်ငန်း ကူးပြောင်း လုပ်လာကြရမှ ကိုယ့်ကျေးရွာ ကိုယ့်ဒေသမှာ ဆန်စပါး ပိုမို ထွက်လာမှာဖြစ်၍ ပို၍အကျိုးရှိ"**



တောင်သူကြီး ဦးထွန်းအောင်
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး (ထိန်းသိမ်းရေး)မှ တာဝန်ယူတည်ဆောက်ခဲ့သည့် မြေခဲတောင် ရေလှောင်တမံစီမံကိန်းတွင် ပါဝင်သည့် ပင်မတူးမြောင်းမကြီး တည်ဆောက်ပြီးစီးမှုမြင်ကွင်း။**
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

# ဆည်ရေရရှိသဖြင့် စပါးသာမက အခြားသီးနှံများ စိုက်ပျိုးမှုအဆင်ပြေ လယ်လုပ်ငန်းတွင် ဆန်စပါးပိုမိုထွက်ရှိပြီး အကျိုးဖြစ်ထွန်း

## တွေ့ဆုံ

မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်စဉ် စပါးစိုက်ပျိုးရေးလုပ်ကိုင်နေကြသော ဒေသခံကျေးရွာတောင်သူလယ်သမားများအား တွေ့ဆုံ၍ မေးမြန်းခဲ့သည်။ ရှေးဦးစွာ လယ်ယာစိုက်ပျိုးမှုပြုလုပ်နေသော လယ်သူမတစ်ဦးအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ နာမည် ဘယ်လိုခေါ်ပါသလဲ။
ဖြေ။ ။ မမြင့်ဝေပါရှင်။
မေး။ ။ အလုပ်ကဘာလုပ်သလဲ။
ဖြေ။ ။ တောင်သူပါ၊ ဟိုတုန်းကတော့ ပဲ၊ နှမ်းစိုက်ပါတယ်။ ယခုတော့ စပါးပြောင်းပြီး စိုက်ပါတယ်။ စပါး ၁၀ ဧက စိုက်ပါတယ်။
မေး။ ။ အခုစပါးစိုက်ပျိုးနိုင်ဖို့ ရေစပေးနေတာသိရပါပြီ၊ ကိုယ်တိုင်လုပ်ပြီး အငှားခေါ်ပြီး ငှားလုပ်သေးလား။
ဖြေ။ ။ တစ်ယောက်ထဲဘယ်ရမလဲ၊ လူ ၁၀ ဦးလောက် ငှားလုပ်ပါတယ်။
မေး။ ။ အခုလိုဆည်မြောင်းဌာနက စပါးစိုက်ဖို့ ရေပေးနေတော့ မမြင့်ဝေတို့ တောင်သူတွေ ဝမ်းမသာဘူးလား။
ဖြေ။ ။ ရေကို နီးနီးနားနားမှာရပြီး ပြည့်ပြည့်စုံစုံရှိတော့ ဝမ်းသာရတာပေါ့။
မေး။ ။ အရင်က ပြောင်းစိုက်ခဲ့ပြီး အခုစပါးစိုက်နေတော့ ဘယ်သီးနှံက ပိုအကျိုးရှိတယ်လို့ ထင်သလဲ။



**"ယခင်က ယခုစပါးစိုက်ပျိုးသောနေရာတွင် ပဲတီစိမ်းနှင့် ပြောင်းစိုက်ခဲ့၊ မြေခဲတောင် ရေလှောင်တမံ တည်ဆောက်ပြီး ဖွင့်ပွဲမလုပ်မီ ရရှိထားသည့် ရေများကို တူးမြောင်းမှတစ်ဆင့် ပေးခြင်းကြောင့် နီးနီးကပ်ကပ် ရေရရှိ၍ မနောသုခနှင့် ရွှေမြန်မာစပါးစိုက်ပျိုးထား၊ စပါးစိုက်ပျိုးရာတွင် ကြိုးတန်း၍ စိုက်ပျိုးလျှင် တစ်ဧကတင်း ၁၀၀ ထွက်နိုင်မည်ဖြစ်၊ ဆည်တည်ဆောက်ပေးခြင်းဖြင့် စပါးစိုက်ပျိုးနိုင်ရုံသာမက ကျန်သီးနှံပင်များကိုပါ စိုက်ပျိုးနိုင်ပြီ"**
တောင်သူကြီး ဦးအောင်ကိုဝင်း
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဖြေ။ ။ စပါးက ပိုအကျိုးရှိတာပေါ့၊ အခုလိုစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်တာပေါ့။

ဆက်လက်၍ တောင်သူလယ်သမားတစ်ဦးဖြစ်သူ တစ်ဦးအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ ဦးကြီးနာမည် ဘယ်လိုခေါ်ပါသလဲ။
ဖြေ။ ။ ထွန်းအောင်ပါ။
မေး။ ။ ဘယ်ရွာမှာနေပါသလဲ။
ဖြေ။ ။ မြေခဲတောင်ရွာမှာနေပါတယ်၊ တောင်သူလုပ်ငန်းလုပ်ပါတယ်။ အရင်တုန်းက ပြောင်းဖူးတို့၊ ပဲတီစိမ်းတို့၊ ငရုတ်တို့ နှမ်းတို့ စိုက်ပါတယ်။
မေး။ ။ ဦးကြီးတို့ အခုလို ယာလုပ်ငန်းကနေ စပါးစိုက်ပျိုးရေး ကို လုပ်တာ ဘယ်နှစ်ဧကလောက် စိုက်ပါသလဲ။
ဖြေ။ ။ ခုနစ်ဧက ရှစ်ဧက စိုက်ပျိုးပါတယ်။ လယ်စိုက်ပျိုးတာ ဆည်က ရေလဲပါတယ်၊ မိုးကောင်း သောက်ရေနဲ့လဲ စိုက်ပါတယ်၊ အခုလို ဆည်ရေရတော့ စပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးလို့ရတာပေါ့။
မေး။ ။ ယာစိုက်ပျိုးရတာနှင့် စပါးစိုက်ပျိုးတာ ဘယ်ဟာကို ပိုမိုသဘောကျပြီး ဘယ်သီးနှံက ပိုအကျိုးရှိပါသလဲ။



**မြေခဲတောင် ရေလှောင်တမံမှ ရေများဖြင့် မြေခဲတောင်ကျေးရွာ တောင်သူကြီး ဦးအောင်ကိုဝင်း လယ်ကွက်တွင် ကောက်စိုက်သမများ ကြိုးတန်းစနစ်ဖြင့် မနောသုခစပါးပျိုးပင်များ စိုက်ပျိုးနေသည်ကို မြန်မာ့အလင်းအဖွဲ့ ဤသို့ တွေ့ခဲ့ရသည်။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဖြေ။ ။ ဒီဒေသမှာ အရင်တုန်းက ယာလုပ်ငန်းက များပါတယ်၊ လယ်စိုက်တာ စားဖို့လောက်သာ နည်းနည်းစိုက်ကြပါတယ်၊ အခုအခါမှာတော့ ယာမှ လယ်သို့ ကူးပြောင်းလုပ်ကြပါတော့ ကိုယ့်ကျေးရွာ ကိုယ့်ဒေသမှာ ဆန်စပါးဟာ ပိုမိုထွက်လာမှာဖြစ်လို့ ပိုအကျိုး ရှိလာပါတယ်၊ ဟိုအချိန်တုန်းက ပခုက္ကူကနေ ကုန်သည်တွေဆီက ဝယ်ပြီး စားသုံးကြရပါတယ်၊ အခုတော့ ကိုယ့်ကျေးရွာ ကိုယ့်ဒေသက ထွက်တဲ့စပါး ရှိလာတော့ ဖူလုံသွားနိုင်တာပေါ့ မဖူလုံလို့ရှိရင်တောင် အနည်းအပါးပဲ ဝယ်စားမှာပေါ့။ ဒီဒေသမှာ ရေတွင်းက ရေခန်းပြီး ရေမလုံလောက်တာရှိတာပေါ့၊ အခုတော့ ဆည်ရေက ရပြီးပေါ်များလာတာကြောင့် သောက်ရေ သုံးရေ အဆင်ပြေပြီး၊ သောက်ရေ သုံးရေကအစ ပေါ်များလာတယ်၊ သွားရေးလာရေးမှာလဲ လမ်းတွေဖောက်လုပ်ပေးတာကြောင့် ဒေသဖွံ့ဖြိုးမှုရှိလာပါတယ်။ ရေရလာတော့ စပါးစိုက်တာသာမက၊ အခြားသီးနှံများစိုက်ပျိုးမှုလဲ အဆင်ပြေလာပါတယ်၊ စားဝတ်နေရေး အဆင်ပြေလာတော့မှာဖြစ်လို့ နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်ပါတယ်။ လယ်မြေအတွက်သာမက၊ လယ်ကန်သင်းတွေမှာ ယာသီးနှံဟင်းသီး ဟင်းရွက် စိုက်ပျိုးနိုင်မှာဖြစ်လို့ ပိုပြီးအဆင်ပြေလာမယ်လို့ ပြောလိုပါတယ်။ စားဝတ်နေရေး အများကြီးအဆင်ပြေတော့မှာ ဖြစ်ပါတယ်။

# ဆည်ရေများကို တူးမြောင်းမှတစ်ဆင့်ပေးခြင်းကြောင့် နီးနီးကပ်ကပ်ရေရရှိ စပါးများ ဝမ်းစာအတွက်ဖူလုံသည့်အပြင် ဒေသအတွင်းပါဖြန့်ဖြူးနိုင်

ဆည်ရေများကို တူးမြောင်းမှတစ်ဆင့် ပေးခြင်းကြောင့် နီးနီးကပ်ကပ် ရေရရှိခြင်းအကျိုးကျေးဇူးကြောင့် မနောသုခနှင့် ရွှေမြန်မာစပါးစိုက်ပျိုးထားကြောင်း၊ စပါးစိုက်ပျိုးရာတွင် ကြိုးတန်းတန်း၍စိုက်ပျိုးလျှင် တစ်ဧက တင်း ၁၀၀ ထွက်မည်ဖြစ်ကြောင်း၊ ယခုလိုရေပေးခြင်းကြောင့် စပါးစိုက်ပျိုးနိုင်ရုံမက နွေအခါရောက်၍ ရေမဝ၍ခြောက်နေသော ထန်းပင်များစိုပြည်လာပြီး ပိုမို အဆင်ပြေကြောင်း။

## ဝိုင်းဝန်းစောင့်ရှောက်

ဆည်တည်ဆောက်ပေးခြင်းကြောင့် စပါးစိုက်ပျိုးနိုင်ရုံသာမက ကျန်ရှိသော သီးနှံပင်များကိုပါ စိုက်ပျိုးနိုင်ကြောင်း၊ မိမိပိုင်စပါး၁၀ဧကမှ ထွက်သောစပါးများသည် ဝမ်းစာအတွက်ဖူလုံသည့်အပြင် ဒေသအတွင်းဖြန့်ဖြူးရောင်းချပေးနိုင်ကြောင်း၊ ဆည်တည်ဆောက်ပေးသည့် နိုင်ငံတော်အကြီးအကဲနှင့် ဆည်မြောင်းဌာနကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ ကျေးရွာဒေသကိုယ်စားလည်း ပြောကြားလိုပါကြောင်း၊ ဆည်တည်ဆောက်ပေးသော အကျိုးကျေးဇူးကို သိရှိကြရပြီဖြစ်၍ ဆည်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဒေသခံပြည်သူများက ဝိုင်းဝန်းစောင့်ရှောက် ပံ့ပိုးကြမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

## ပဲတီစိမ်းနှင့်ပြောင်း

ဆက်လက်၍ မြေခဲတောင်ကျေးရွာမှ တောင်သူဦးအောင်ကိုဝင်း စပါးစိုက်ကွင်းရှင်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးအောင်ကိုဝင်းက ပြောပြရာတွင် မိမိအနေဖြင့် လယ်ဧက ငါးဧက စိုက်ပျိုးကြောင်း၊ ယခင်က ယခုစပါးစိုက်သော နေရာတွင် ပဲတီစိမ်းနှင့် ပြောင်းစိုက်ကြောင်း၊ မြေခဲတောင်ရေလှောင်တမံတည်ဆောက်ပြီး ဖွင့်ပွဲမလုပ်မီ ရရှိထားသောရေများကို စပါးစိုက်ပျိုးနိုင်ရန် ရေဖြန့်ဖြူးပေးသောကြောင့် စပါးစိုက်ပျိုးကြောင်း။

## အကျိုးဖြစ်ထွန်း

မြေခဲတောင်ရေလှောင်တမံစီမံကိန်းကို နိုင်ငံတော်မှ ငွေကျပ်သန်း၁၀၀ ကျော်ခန့် အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ဒေသဝမ်းစာဖူလုံခြင်း၊ သောက်သုံးရေရရှိခြင်း၊ ဒေသစိမ်းလန်းစိုပြည်စေခြင်းနှင့် တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံတော်အတွက်သာမက ဒေသခံတောင်သူများပါ အကျိုးဖြစ်ထွန်းစေသော စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



## ရေပိုလွှဲ တည်ဆောက်မှု

**ရေစကြိုမြို့နယ် မြေခဲတောင်ရေလှောင်တမံစီမံကိန်းတွင် ပါဝင်သည့် အကျယ် ပေ ၆၀၊ အလျား ပေ ၄၀ ရှည်ပြီး ကျောက်စီပန်းရန်ဖြင့် တည်ဆောက်ထားသည့်ရေပိုလွှဲ တည်ဆောက်မှု မြင်ကွင်း။**

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)



# ဝန်ထမ်းများအရည်အချင်းပြည့်မီအောင်ကြိုးပမ်း အလုပ်ကိုယခင်ကထက်ထိထိရောက်ရောက်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၄

**တောင်ကြီးမြို့တွင်ရောက်ရှိနေသော နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် လိုက်ပါလျက် ဩဂုတ် ၂၆ ရက်က တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၆၇၀ရှိ ကျားခေါင်းလမ်း ထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး** (အပေါ်ပုံ) **လမ်းဘေးပခုံးသားများ ပိုမိုဖြည့်တင်းပေးရန်၊ လမ်းအခုံး(Camber)ကိုလည်း ရေစီးကောင်းအောင်ဆောင်ရွက်ပေးရန် မှာကြားသည်။**

## ပျိုးပင်များစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပျိုးဥယျာဉ်အမှတ် (၁)အား ကြည့်ရှုစစ်ဆေးပြီး ပျိုးပင်များသတ်မှတ်အရေအတွက်အတိုင်း ပြည့်မီအောင် ပြုစုစိုက်ပျိုးရန်၊ ပျိုးပင်များအတွင်း ပေါင်းမြက်များရှင်းလင်းရန်၊ ပျိုးပင်အကြီးအသေးများ ခွဲခြားစိုက်ပျိုးသွားရန်တို့ကို မှာကြားပြီး မြကန်သာရေထွက်ရေစုကန်သို့ ရောက်ရှိပြီး ရေကန်အတွင်း အမှိုက်သရိုက်များ ရှင်းလင်းရန်၊ ရေပို့လွှတ်သော ရေပိုက်လိုင်းများ မယို မစိမ့်စေရေးအတွက် ပိုက်လိုင်းတစ်လျှောက် စစ်ဆေးသွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ထီသိမ်ရေကန်(ရှရှားကန်)နှင့် ထီသိမ်(ကျောက်တန်း) ရေထွက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ထီသိမ်(ရှရှား) ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် ၊ ကန်လုံခြုံရေး ဂရုစိုက်ဆောင်ရွက်ရန်နှင့် ထီသိမ်(ကျောက်တန်း) ရေထွက်မှ သွယ်တန်းထားသော အုတ်ရေမြောင်းများ၊ မြေသားမြောင်းများ သန့်ရှင်းရေး၊ ရေစုကန်အတွင်း အမှိုက်များ မရှိစေရေး၊ ရေထွက်ပတ်ဝန်းကျင်ရှိ သစ်ပင်များအမြဲရှင်သန်အောင် ပြုစုရေးတို့ကို မှာကြားခဲ့သည်။

## မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးမြို့ လေသာတောင်ပေါ်ရှိ ဂါလန် ၃၀၀၀၀ဆံ့ ရေလှောင်ကန်အား ကြည့်ရှုစစ်ဆေးပြီး ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ကို ပျိုးပင်များ အမျိုးအစားအလိုက် အပင်အကြီးအသေး ခွဲခြားပြုစုပျိုးထောင်ထားရန်၊ အပင်အကြီးများအား မြေယာ ရှုခင်းအလှ ပြုလုပ်မည့်နေရာများသို့ ရွှေ့ပြောင်းပြီး ယင်းနေရာတွင် အစားထိုး စိုက်ပျိုးသွားရန် ရုံးအဝင်ရှိ ပန်းအလှပင်များတွင် မလှပသော ပန်းပင်များအား အစားထိုးလဲလှယ်သွားရန်တို့ကို မှာကြားသည်။

## ကြိုးစားဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးအား ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ အမှုဆောင်အရာရှိ ဦးအောင်မြင့်က ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးသော စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြို့ပြလမ်း၊ ကျေးလက်လမ်းကားချပ်များကို သီးခြားစီပြုစုထားရန်၊ ဝန်ထမ်းများအနေဖြင့် အရည်အချင်းပြည့်မီသော ဝန်ထမ်းများဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ယနေ့အချိန်အခါသည် အဘက်ဘက်က တိုးတက်အောင်ဆောင်ရွက်နေသော ကာလဖြစ်၍ ဝန်ထမ်းများအနေဖြင့် အလုပ်ကို ယခင်ကထက် ထိထိရောက်ရောက် ကြိုးစားဆောင်ရွက်ကြရန်၊ တင်ပြချက်များတွင် ပုံကားချပ်များကို ပြည့်ပြည့်စုံစုံထည့်သွင်းတင်ပြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊အမှတ်(၁၈)ထွက်ပါပြီ



**ရန်ကုန် စက်တင်ဘာ ၁၄**

ကျေးလက်နှင့် မြို့ပြမကျန် ဗဟုသုတ ရှာမှီးလိုသူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာများသာမက ပြည်တွင်း ပြည်ပမှ ဖတ်စရာမှတ်စရာ ဗဟုသုတအဖြာဖြာကို ဖော်ပြနေသည့် ဒို့ကျေးရွာဂျာနယ်အတွဲ(၃)၊ အမှတ် (၁၈)ထွက်ရှိနေပြီ ဖြစ်သည်။

**(အပေါ်ပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ဆေးဖက်လည်းဝင် မြေလည်းပြင် ဝင်ငွေရလို့ စိုက်ကြစို့၊ စပျစ်သီးအာနိသင်နှင့် စိုက်ပျိုးနည်း၊ ဘိုစားပဲတောင့်ပင်များ စိုက်ပျိုးခြင်း၊ ဒို့ကျေးရွာအရုဏ်ဦး၊ ကျေးဇူးကန်းသောမုဆိုး၊ ဒို့ကျေးရွာသားကလေးများ ကစားကြရာဝယ်၊ ကျွန်တော်လေ့လာခဲ့သော ဂျပန်နိုင်ငံ၏ စာကြည့်တိုက်လုပ်ငန်း၊ ကိုယ်ခံအား၊ လုပစိုပြည် ကျန်းမာဖို့ မြန်မာ့သနပ်ခါး လိမ်းကြစို့၊အမရပူရမှ လေ့ဦးတိုက်ပွဲ၊ ဝက်များတွင် ဖြစ်တတ်သော ဝမ်းကိုက်ရောဂါ၊ ဆိတ်များ၏ အစာကြေချက်ခြင်းအဆင့်ဆင့်၊ အမွေးမပေါက်သော ကြက်များ စမ်းသပ်တီထွင်၊ ငါးမွေးမြူရေးနှင့် အစာကျွေးနည်းစနစ်နှင့် ခေါင်းကိုက်ခြင်းဆိုသည်မှာ စသည့်ဆောင်းပါး ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာ ဖော်ပြထားသည်။

## ဝယ်ယူနိုင်

ဒို့ကျေးရွာ ဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

**ရန်ကုန် စက်တင်ဘာ ၁၄**

မန္တလေးမြို့ ပြည်ကြီးတံခွန် တံခွန်တိုင်တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတရေ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်ညများတွင် တောင်တွင်းကြီးမြို့၊ ၂၁၊ ၂၂ ရက်တွင် မကွေးမြို့၊ ၂၃ ရက်တွင် ထန်းတောရပ် မုံရွာမြို့၊ ၂၅ ရက်တွင် ဆွမ်းကပ်အဖွဲ့ ဘနော်ရွာ ပလိပ်မြို့၊ ၂၆ ရက် ညတွင် ရွှေဖားရရှေ့တော်ပြေးရပ် အမရပူရမြို့၊ ၂၇ ရက် ညတွင် ရွှေပြည်သာ ဓမ္မာရုံ ချောင်းဦးမြို့၊ ၂၈ ရက်ညတွင် ရွှေသိမ်တော်ဘုရား အလုံတပ်မြို့ မုံရွာ၊ ၂၉ ရက် ဆည်းဆာတွင် အေးသုခဓမ္မာရုံ ၂၂ လမ်း မန္တလေးမြို့၊ ယင်းနေ့ညတွင် အနိုပ်တော်ရပ်နန်းရှေ့ မန္တလေးမြို့ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

**(က-ပ)**

# အိမ်ထောင်စုလူဦးရေစာရင်း လိုအပ်မည့်အချက်များ

**မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက် ဆက်သွယ်၍ အိမ်ထောင်စု လူဦးရေစာရင်းလျှောက်ထားရာတွင် ကြိုတင် တင်ပြရန်လိုအပ်မည့် အချက်များအား လျှောက်ထားသူ ကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-**

**အိမ်ထောင်စုအလိုက်ပြောင်းဝင်လျှင် ပါရှိရမည့် စာရွက်စာတမ်းများ-**

၁။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။
၂။ အိမ်ထောင်ဦးစီး၏ လျှောက်လွှာ။
၃။ နောက်ဆုံးနေထိုင်ခဲ့သည့် မြို့နယ်မှ ပြောင်းရွှေ့လာသည့်ပုံစံ(၁၀) ပါရှိရမည်။
၄။ ရပ်ကွက်အတွင်း နေထိုင်ကြောင်း သက်ဆိုင်ရာ ရယကထောက်ခံချက်နှင့်မယကထောက်ခံချက်။
၅။ ပြောင်းဝင်မည့်အိမ်ခန်း(သို့)အိမ်အားပိုင်ဆိုင်သည့် အထောက်အထား မူရင်း၊ မိတ္တူပါရှိရမည်။
၆။ တိုက်ခန်းသစ်ဖြစ်လျှင် စည်ပင်သာယာရေးကော်မတီမှ လူနေထိုင်မှု ခွင့်ပြုချက်မူရင်း၊ မိတ္တူပါရှိရမည်။
၇။ အိုးအိမ်ပိုင်တိုက်ခန်းဖြစ်လျှင် အိုးအိမ်ဦးစီးဌာန၏ လူနေထိုင်မှု ခွင့်ပြုချက်မူရင်း၊ မိတ္တူပါရှိရမည်။
၈။ အိမ်ငှားဖြစ်လျှင် အိမ်ထောင်စုဖြင့် နေထိုင်ခွင့်ကို အိမ်ပိုင်ရှင်၏ သဘောတူခွင့်ပြုချက်အား အိမ်ရှင်မှ ကိုယ်တိုင်လာရောက်ပေးရမည်။

**အိမ်ထောင်စုအလိုက်ပြောင်းထွက်လျှင် ပါရှိရမည့် စာရွက်စာတမ်းများ-**

၁။ အိမ်ထောင်ဦးစီးကိုယ်တိုင် လာရောက်ရမည်။
၂။ အိမ်ထောင်ဦးစီး၏ လျှောက်လွှာ။
၃။ ပြောင်းထွက်မည့်သူများအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်း၊ မိတ္တူပါရှိရမည်။
၄။ မိဘနှစ်ပါးကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူပါရှိရမည်။
၅။ ရပ်ကွက်အတွင်းနေထိုင်ကြောင်းသက်ဆိုင်ရာ ရယကထောက်ခံချက်နှင့် မယကထောက်ခံချက်။

**အိမ်ထောင်စုတွင် လူဦးရေစာရင်းတိုးလျှင် ပါရှိရမည့်စာရွက်စာတမ်းများ-**

၁။ ကာယကံရှင်ကိုယ်တိုင်နှင့် အိမ်ထောင်ဦးစီးတို့မှ လာရောက်လျှောက်ထားရမည်။
၂။ ကာယကံရှင်၏ လျှောက်လွှာ။
၃။ နောက်ဆုံးနေထိုင်သည့်မြို့နယ်မှ ပြောင်းရွှေ့လာသည့် ပုံစံ(၁၀) ပါရမည်။
၄။ လက်ခံမည့် အိမ်ထောင်ဦးစီး၏ သဘောတူဝန်ခံချက်ပါရမည်။
၅။ လျှောက်ထားသူအိမ်ထောင်ဦးစီး၏အမည်ပါ အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်း ပါရမည်။
၆။ ရပ်ကွက်အတွင်း နေထိုင်ကြောင်း ရယကထောက်ခံချက်နှင့် မယက ထောက်ခံချက်ပါရမည်။

# အင်းစိန် စက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

အင်းစိန်စက်မှုလက်မှုသိပ္ပံ(လျှပ်စစ်အားပေးရေး အင်ဂျင်နီယာဌာန)၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို တက္ကသိုလ်ရိပ်သာလမ်း လှည်းတန်းမီးပွိုင့်အနီး တက္ကသိုလ်များဓမ္မာရုံတွင် အောက်တိုဘာ ၂၂ ရက်နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး ဖုန်း-၀၉-၅၁၂၆၆၆၅၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၅၀၀၅၂၁၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၃၀၅၁၄နှင့် ဦးလှသိန်း ဖုန်း-၂၉၅၁၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# အနီးစခန်း ပန်းခင်းလမ်း

**နိဒါန်း**

ခရီးတစ်ခုမှပြန်ရောက်လာသောအခါ မိတ်ဆွေတစ်ဦးနှင့် လုပ်ဖော်ကိုင်ဖက်တစ်ဦးတို့က မိမိကို အသားတော်တော် မည်းသွားပါကလားဟု ပြောကြ၏။ နဂိုကလည်း ဖြူတာမှမဟုတ်ဘဲ ဝမ်းနည်းစရာမရှိပါဟု စိတ်ထဲက အောက်မေ့သည်။ သူတို့က ခရီးတော်တော် ပင်ပင်ပန်းပန်း သွားခဲ့တာပဲနေ၁်ဟု ကြင်နာစာနာသော သဘောထားဖြင့် ဆိုခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ မှန်ပေသည်၊ တကယ်တော့လည်း ခြောက်ရက်လုံးလုံး တစ်ရက်မှ မနားဘဲ တစ်မြို့ဝင် တစ်ရွာထွက် ခရီးပြင်းချီတက်ခဲ့သည်။ အသက်ခြောက်ဆယ်နီးနေသော အဘိုးကြီးအိုလေးတစ်ယောက်အနေဖြင့် စိတ်အားထက်သန်၍သာ ဤမျှခရီးကြမ်းမိုင် ၆၀၀ကျော်ကို ဆက်နိုင်ခြင်းဖြစ်ပါသည်။ ကျန်းမာရေး ကောင်းမွန်နေသေးခြင်းအတွက် မိမိ ခန္ဓာကိုယ်ကိုပင် ကျေးဇူးတင်ရမည်။

**ခရီးစဉ်**

၁။ ဩဂုတ် ၂၂ ည ၁၂နာရီ။ နေပြည်တော်၊ပျဉ်းမနားဘူတာမှ ရထားဖြင့် မန္တလေးသို့။

၂။ ဩဂုတ်၂၃ နံနက်၆နာရီ။ မန္တလေးရောက်။နံနက်စာ လက်ဖက်ရည်သောက်။ ဧးပင်ကြီးရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်သို့ရောက်ရှိ။ နေ့လယ်စာစားပြီး ပြင်စာရွာရှိ ဖုန်းမြင့်အောင် စာကြည့်တိုက် သွားလေ့လာ၊ အနီးစခန်း၊ နွယ်နင်းကျေးရွာ ဘ၀အလင်းရောင် စာကြည့်တိုက်သို့သွားရောက်လေ့လာ။ ဧးပင်ကြီး၌ ညအိပ်။

၃။ ဩဂုတ် ၂၄နံနက်ပိုင်း လေးချိန်ပို့ချဟောပြော။ နေ့လယ် ပြင်ဦးလွင် အထက (၂)တွင် **"လူဖြစ်ရတဲ့ ရည်ရွယ်ချက်"** ဟောပြော။ ညနေစိုးစံဘော်ဒါရှိ လူငယ်(အမျိုးသား)များကို **"ရည်မှန်းချက်ရှိရမယ်"**ခေါင်းစဉ်ဖြင့် ဟောပြော။ လူငယ်(အမျိုးသမီး)များကို **"စေတနာကောင်းလျှင် ကံကောင်းမယ်"** ဟောပြော ပြင်ဦးလွင်၌ ညအိပ်။

၄။ ဩဂုတ် ၂၅ နံနက်။ ပြင်ဦးလွင်မှထွက်။ မြစ်သားမြို့နယ် ရစ်ကံကျေးရွာ ဘ၀အလင်းရောင်စာကြည့်တိုက်ကို လေ့လာ။ နွားထိုးကြီးမြို့နယ် တက်စည်ရွာ ဇမ္ဗူဒီပစာကြည့်တိုက်နှင့် ရွာကြီးရွာ ရတနာစာကြည့်တိုက်ကို လေ့လာ။ နွားထိုးကြီး ပြန်ကြားရေးရုံး ဝင်ကြည့်။ မြင်းခြံသို့ရောက်ရှိ။ ဗိုလ်ချုပ်စာကြည့်တိုက်ကော်မတီနှင့်တွေ့။ အလှူရှင် ဗိုလ်ချုပ်မိုးဟိန်းက ထပ်မံပြီး ကျပ်သိန်း၁၀၀ လှူမည့်အကြောင်း ကြားသိရ။ မြင်းခြံတွင် ညအိပ်။

၅။ ဩဂုတ်၂၆စနေနေ့နံနက်ခင်း ။မြင်းခြံတွင်စာကြည့်တိုက်လုပ်ငန်း မွမ်းမံအလုပ်ရုံ သင်တန်းတက်ရောက်နေကြသော ဝန်ထမ်း ၃၀အား တွေ့ဆုံအားပေး။ မြင်းခြံမှ နံနက်ထွက်ခွာ။ တောင်သာမြို့နယ် နန်းမြင့်ရွာ ရောင်နီဦးစာကြည့်တိုက် ကြည့်ရှုလေ့လာ။ တောင်သာမြို့ ပြန်ကြားရေးရုံး နေ့လယ်စာစား။ ဝဲလောင်မှ တစ်ဆင့် ပုပ္ပားသို့၊ ပုပ္ပားမြို့မြပါရမီစာကြည့်တိုက်ကိုလေ့လာ။ ပုပ္ပားအထက်တန်းကျောင်းမှာ ညနေ ၃နာရီ၁၅မှ၄နာရီအထိ **"အဓိပ္ပာယ်ရှိသော ဘ၀"** ဟောပြော။ ညပုပ္ပားမှာအိပ်။

၆။ ဩဂုတ် ၂၇ တနင်္ဂနွေ။ ပုပ္ပားမှ ကျောက်ပန်းတောင်းသို့၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လက်ပံပင်ရွာ၊ အရှေ့ အင်တိုင်းရွာနှင့် တံခါးမရွာ၊ ကျေးရွာစာကြည့်တိုက် သုံးခုကို သွားရောက်လေ့လာ။ နေ့ခင်းမှာ တံခါးမရွာတွင် ကျေးရွာ လူထုအား **"ဆန်းကြယ်သော ကောင်းမှုအကျိုး"** ဟောပြော။ ကျောက်ပန်းတောင်းမှ ညနေတွင် မိတ္ထီလာသို့ ခရီးဆက်လာပြီး ညအိပ်။

၇။ ဩဂုတ်၂၈ရက် တနင်္လာနေ့။ မိတ္ထီလာမှထွက်။ နေပြည်တော်သို့ ကားခြောက်နာရီကြာစီးကာ ညနေ ၃နာရီပြန်လည်ရောက်ရှိ။ အတော် ပင်ပန်း၏။

**ရွှင်လန်းသည်**

ဩဂုတ်၂၂ရက်မှ ၂၈ရက်အထိ ခြောက်ရက်တိတိ၊ မိုင် ၆၀၀ကျော်၊ ရထားတစ်တန်၊ ကားအတန်တန်နှင့် ခရီးပြင်းနှင်ခဲ့သော လူတစ်ယောက်သည် နေလောင်သဖြင့် မျက်နှာမည်းပြောင်နေမည်မှာ အထူးပြောစရာမလိုပြီ။ ပင်ကိုကလည်း အသားညိုညိုပဲမို့ ကိစ္စမရှိ။ သဲတော၊ ဖုန်တောကို ဖြတ်၍ တောရွာကျေးလက်အရောက် ခရီးပေါက်ခဲ့သည်ကိုပဲ ကျေနပ်သည်။ သဲနစ်ကာ ကားကို တွန်းကြရသောအခါ ရဲဘော်ရဲဘက်တွေက နေပါနေပါနှင့် ဆိုကြ၏။

ကျွန်တော်တို့ရွာမှာလည်း ဒီလိုသဲတောပဲဖြစ်၍ မကြာခဏ ကားသဲနစ်တတ်၏။ ကလေးဘ၀ကပင် စေတနာ့ဝန်ထမ်း ကားတွန်းပေးနေကျမို့ အားနာစရာမရှိ။ ချွေးတွေရွှဲ၊ သဲဖုန်ပေလူး၊ ပျော်စရာအထူး။

တံခါးမရွာ ဆရာတော်က "ဒကာကြီး တစ်ခါက ရေးခဲ့ဖူးသလိုပေါ့၊ ပင်ပန်းပေမယ့် ရွှင်လန်းသည် ဟုတ်ပြီလား"ဟု မေးသည်။ မှန်လှပါဘုရားဟု ဖြေကြားရသည်။ မရောက်ဖူးသောရွာတွေ ရောက်ရသည်။ မသွားဖူးသော လမ်းတွေကို ပေါက်ခဲ့သည်။ ဟန်မြင့်မို၊ မြစ်သား၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ ဝဲလောင်၊ ပုပ္ပား၊ ကားလမ်းကို ယခင်က တစ်ခါမျှ မသွားခဲ့ဖူးပေ။

**ကျေးလက်စာကြည့်တိုက်**

နှစ်ဆယ့်တစ်ရာစု၌ ကျေးရွာစာကြည့်တိုက်များ ကိုယ့်အားကိုယ်ကိုး ကြိုးစားထူထောင်လာကြသည်မှာ အားရစရာကောင်းလှပါသည်။ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ချမှတ်ပေးသော လုပ်ငန်းစဉ်(၅)ရပ်သည် လက်တွေ့ကျသည်၊ စေ့စပ်သည်။

**၁။ ပြည်သူများ၊ စာဖတ်လိုစိတ်ရှိအောင်၊ စာတကယ်ဖတ်လာကြအောင် နည်းမျိုးစုံသုံး စည်းရုံးရန်။**

**၂။ စာအုပ်များ၊ ရရှိထိန်းသိမ်း၊ အသစ်တိုးပွား၊ စာအုပ်ငှား၊ အလှူငွေ၊ ငွေပဒေသာပင်စိုက်ထူရေး။**

**၃။ အဆောက်အအုံ မရှိသေးက ရှိရေး။**

**၄။ ပရိဘောဂစုံလင်ရေး။**

**၅။ စာကြည့်တိုက်မှူး လေ့ကျင့်ပျိုးထောင်ပေးရန်။**

ရေရှည် တည်တံ့ခိုင်မြဲအောင်မှာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းထက် စုပေါင်းအားနှင့် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အားလေးအားဖြင့် လှုပ်ရှားကြရမည်–

## ချစ်နိုင် (စိတ်ပညာ)

**၁။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏အား။**

**၂။ ပြည်သူလူထုနှင့် စာကြည့်တိုက် ကော်မတီ၏အား၊** (စေတနာရှင်အလှူရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကူညီအားပေးမှုများ တိုးပွားအောင် ဆက်သွယ်လှုံ့ဆော်စည်းရုံးကြရပါမည်။)

**၃။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပါဝင်ကူညီပေးမှုအား။**

**၄။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား။**

**ရေးကာလ**

စာကြည့်တိုက်များ ပေါ်ပေါက်လာရန် မလွယ်ကူလှပါ။ မလွယ်ကူကြောင်း မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေးရစကာလတို့တွင် ပေါ်ပေါက်ခဲ့ကြသော စာကြည့်အသင်း၊ စာဖတ်အသင်း၊ သဟာယအသင်း၊ ရပ်ကွက်စာကြည့်တိုက်တို့၏ သမိုင်းစဉ်ကို လေ့လာကြည့်ပါ။ မြို့ရွာ ရပ်ကွက်တိုင်း မဖြစ်ပေါ်ခဲ့ပါ။ ကျေးရွာရပ်ကွက်တိုင်းလည်း မထူထောင်နိုင်ခဲ့ပါ။ အချို့ရပ်ကွက်၊ အချို့ကျေးရွာ၌ စာဖတ်အသင်း၊ စာကြည့်တိုက်တို့ ပေါ်ထွန်းခဲ့ပါ၏။ ငါးနှစ်၊ဆယ်နှစ် ကြာသောအခါ ပျောက်ကွယ်ကုန်ခဲ့ကြပါ၏။

ရေရှည်ခိုင်မာသော ကျေးရွာစာကြည့်တိုက်တစ်ခု ဖြစ်တည်စေရန်မှာ လူသာပဓာနကျပါသည်။ စာဖတ်ချင်သူ၊ စာပေလေ့လာလိုစိတ်ရှိသူများ ထက်ထက်သန်သန် အင်အားကောင်းရမည်။ အမာခံစာဖတ်သူ၊ စာပေဝါသနာပါသူတို့ဖြင့် ဖွဲ့စည်းသော စာကြည့်တိုက်ကော်မတီသည် အခရာပဲဖြစ်သည်။စာကြည့်တိုက်မှူးတစ်ဦး၊ သို့မဟုတ် တစ်ဖွဲ့ (အလှည့်ကျစနစ်) တာဝန်တိကျစွာပေး၍ ဆောင်ရွက်ကြရမည်။

**အခြေခံငါးချက်**

၁။ **စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီ** (လူ၏ အရည်အသွေးနှင့် စေတနာက အခြေခံကျပါသည်။)

၂။ **စာဖတ်သူများ၊ ရွာသူရွာသားများ** (လူအများစုက စာဖတ်မှ မိမိတို့ဘ၀သည် တိုးတက်သာယာကြမည်ဟု နားလည်သိမြင်လာလျှင် စာဖတ်သူတိုးပွားပါမည်။ လူများ၏ စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလိုစိတ်ကို လှုံ့ဆော်စည်းရုံးနေရမည်။)

၃။ **စာအုပ်များ၊ ဒေသကာလ အခြေအနေနှင့် ကိုက်ညီဆီလျော်ရမည်။**

၄။ **အဆောက်အအုံနှင့် ပရိဘောဂ။**

၅။ **ငွေကြေး၊ ရန်ပုံငွေ၊ ငွေပဒေသာပင်ရှိသင့်သည်။**

ဘာဝါဒ၊ ဘာအစွဲမှ ဆုပ်ကိုင်ထားရန်မဟုတ်။ တရားသေဝါဒအစွဲတွေနှင့် သဘောထားသေးသိမ်ပြီး အုပ်စုဖွဲ့၊ ရန်စောင်၊ မနာလို၊ ဝန်တို၊ ဖျက်ဆီး၊ ဆူပူ၊ ပုန်ကန်၊ ဗုံးခွဲ၊ မီးရှို့၊ မိုင်းထောင်၊ သတ်ဖြတ်စသည့် အဖျက်လုပ်ရပ်မှန်သမျှက တိုင်းပြည်နှင့်လူမျိုးကို နစ်နာနိမ့်ကျဖို့ရာများဖြစ်ကြသကဲ့သို့ အသိဉာဏ်ဗဟုသုတအလင်းရောင် မြင့်သည်ထက်မြင့်၊ လင်းသည်ထက်လင်း၊ရှင်းသည်ထက်ရှင်း။ နိုင်ငံတကာနှင့် အဆင့်မီစွာ ဗဟုသုတ ပြည့်ဝလာကြသည်နှင့်အမျှ အမြင်ကျယ်၊ အမြော်အမြင်ရှိ၊ လုပ်ငန်းထိရောက်၊ ဖွံ့ဖြိုးမှုများလျင်မြန်တိုးတက်၊ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ပိုမိုကြီးမားစွာ စွမ်းဆောင်နိုင်ကြ။ လက်တွေ့ဘ၀က အဖြေပေးမည်ဖြစ်ပါသည်။ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၄၀၀၀ကျော် အရေအတွက်ပေါ်ထွက် တည်ထောင်နိုင်ခြင်းသည်ပင် ဂုဏ်ယူဝမ်းသာစရာ ကောင်းပါသည်။ ပြနိုင်တာက စတင်ခြင်းပင်။ ဖြစ်ချင်တာကို အခြေအနေ ဖန်တီး၍ တဖြည်းဖြည်း တိုးချဲ့ကြရမည်မဟုတ်ပါလား။ ရေ၊ မြေ၊ လေ၊ မိုး၊ မျိုး၊ ပိုး စသည့် အခြင်းအရာ အချက်အလက်တွေ အမျိုးမျိုးတွင်မတူညီ။

**ရေခံမြေခံ**

စေတနာမှန်ရမည်။ လှုပ်ရှားသူများက စိတ်အားထက်သန်ရမည်။ အောင်မြင်မှုဟူသမျှသည် ပြင်းထန်ထက်သန်သော စိတ်အား၊ ဇွဲသတ္တိမာန်ရှိရန်လိုအပ်သည်။ ပထမတစ်ချက်။

လုပ်နည်းစနစ် ခေတ်မီရမည်။ အခြေအနေနှင့် ကိုက်ညီရမည်။ အချိန်အခါနှင့် ဆီလျော်ရမည်။ လူအများက လက်ခံပါဝင်လောက်အောင် အကြောင်းအကျိုးညီညွတ်ရမည်။ ထိုစနစ်မျိုး ချမှတ်ပြီး အကောင်အထည်ဖော်ကြလျှင် မအောင်မြင်စရာ အကြောင်းမရှိ။ ဒုတိယတစ်ချက်။

အထက်က အမိန့်ပေးလို့ လုပ်ရတာ၊ အပေါ်ကစေခိုင်းလို့လိုက်နာရတာ၊ ဘာမှန်း မသိပါဘူး၊ စိတ်မပါလှပါဘူး။ လုပ်ချင်တာ မဟုတ်ဘူးဆိုသော လုပ်ငန်းမျိုးသည် ဘယ်လိုမှ အထမြောက်အောင်မြင်ဖွယ်မရှိ။ **ပြည်သူလူထု၊ ဒေသခံကျေးရွာ လူထုကိုယ်တိုင်က လိုလိုလားလား စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားကြပါမှ စာကြည့်တိုက်များ အသက်ဝင်ရှင်သန်ပါလိမ့်မည်။** ပြည်သူလူထုသည် အခြေခံအကျဆုံး အဆုံးအဖြတ်ပေးသူဖြစ်သည်။ ကိုယ့်အားကိုယ်ကိုးသော အလေ့အကျင့်ဖြင့် နှိုးဆော်စည်းရုံးကြရမည်။ ဤအခါစာကြည့်တိုက်များ ဖွံ့ဖြိုးရေးကို အသွေးအသားထဲက ဝါသနာထက်သန်သော မိမိက ကျေးရွာအခေါင် အဖျားအရောက်ထိတွေ့ ကွင်းဆင်းအားပေးခြင်းများ ပြုလေသည်။ စိတ်ရှည်ရမည်၊ ဇွဲရှိရမည်။ တစ်ယောက်ကစ၊ တစ်ရာ နည်းမျိုးစုံဖြင့် လှုံ့ဆော် စည်းရုံးဆွဲဆောင်ရမည်ဟု ခံယူပါသည်။ ဤခံယူချက်ဖြင့် ခရီးထွက်ခဲ့သည်။ ကြည့်ရှုအားပေးမည်။ အောင်မြင်သူများဆီက အတုယူမည်။

**ပြင်ဦးလွင်**

ပြင်ဦးလွင်မြို့နယ် ပြင်စာရွာ၌ အငြိမ်းစားအထက်တန်းပြ ကျောင်းဆရာ ဦးဘုန်းမြင့် ထူထောင်ထားသော ဖုန်းမြင့်အောင် စာကြည့်တိုက်ကို သွားရောက်လေ့လာသည်။ (မင်းကွန်း ဆရာတော်ကြီး၊ အရှင်ဝိစိတ္တသာရ ရေးသားပြုစုတော်မူသော) မဟာဗုဒ္ဓဝင် အတွဲစုံ ပြည့်စုံစွာ ရှိသည်။ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စာပေနှင့်အနုပညာ၊ စာအုပ်မျိုးစုံ၊ ဘာသာရပ် စုံလင်စွာမြင်တွေ့ခဲ့ရသည်။ ပြင်စာရွာ ကျေးရွာသား၊ ကျေးရွာသူတွေကို အခမဲ့ငှားပေးသည်။ မြို့သစ်တည်စ အကွက်ချနေကြသော ဆီလီကွန် တောင်ကြော အင်ဂျင်နီယာများလည်း လာရောက်ငှားဖတ်နေကြကြောင်း သိရသည်။ တောတောင်စိမ့်စမ်းကြားက တောကြီးခေါင်ခေါင်၌ မျက်စိအောက်မှာပင် အထပ်ထပ် အဆင့်ဆင့်သော မှန်နန်းတော်ကြီးများ ပေါ်ထွက်လာတော့မည့်အရပ်တွင် ဤသို့ ကျေးရွာ စာကြည့်တိုက်များ နေရာတော်ခင်း ပျံ့နှံ့ခြင်းသည် မင်္ဂလာရှိလှပါ၏။

## ပြည်သူလူထု၊ ဒေသခံကျေးရွာ လူထုကိုယ်တိုင်က လိုလိုလားလား စိတ်အားထက်သန်စွာ ပါဝင်လှုပ်ရှားကြပါမှ စာကြည့်တိုက်များ အသက်ဝင် ရှင်သန်ပါလိမ့်မည်။

အနီးစခန်း နွယ်နင်းကျေးရွာ၌နွယ်နင်းရွာဆရာတော်၏ ကောင်းမှုဖြင့် စာကြည့်တိုက် အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်များ ရောက်ရှိလာသည်။ ဆရာတော်ကို ကြည်ညိုကြသည့် ဒကာဒကာမများ ပေါများလှပေသည်။ နွယ်နင်း ဆရာတော်ကြောင့် နွယ်နင်းစာကြည့်တိုက်သည် ချက်ချင်း ပေါ်ပေါက် ခဲ့ပေပြီ။ အံ့ဩဝမ်းသာစရာ အဖြစ်မှန်တွေပဲဖြစ်၏။ နွယ်နင်းဆရာတော်သည် မျက်နှာတော်ကြည်လင်၍ စကားကို လေသံ အေးအေး ချိုချိုနှင့် မိန့်ဆိုတတ်သည်။ ကျောင်းပတ်ဝန်းကျင်ကို ပန်းချီကား ချပ်ထဲက ရှုခင်းများပမာ လှပနေအောင် ဖန်တီးထားသည်။ သာယာချမ်းမြေ့ဖွယ် ရှိလှပါပေသည်။

**နိဂုံး**

အနီးစခန်းသည် ပန်းဥယျာဉ်များပေါသည်။ ပန်းမျိုးစုံစိုက်ပျိုးဝေဆာသည်။ ရာသီဉတုက မျှတသာယာသည်။ အနီးစခန်းနွယ်နင်းရွာ ဘ၀အလင်းရောင် စာကြည့်တိုက်လေးကို မြင်တွေ့ရသောအခါ အချိန်ကာလတစ်နှစ်အတွင်း ဤရွာမှ ဘွဲ့ရလူငယ်များ အပါအဝင် ရွာလူထု၏ ကြိုးစားမှု၊ နွယ်နင်းဆရာတော်၏ အားပေးဖြည့်စွမ်းမှုတို့ဖြင့် အရှိန်အဟုန်ကောင်းစွာ အောင်မြင်နေသဖြင့် ဝမ်းသာရပါသည်။ စာပေဖတ်ရှုသော အလေ့အကျင့်သည် ဖတ်မိလျှင် ကောင်းမှန်းသိကာ စွဲတတ်ပါသည်။ ဆွဲဆောင်ရ မခက်ပါ။ စာအုပ်တွေ တိုးပွားအောင်သာ ကြိုးစားကြရမည်။ ။

# (၁၅)ကြိမ်မြောက် အာရှအားကစားပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာ အားကစားအဖွဲ့ ပါဝင်ဆင်နွှဲမည်

ရန်ကုန် စက်တင်ဘာ ၁၄

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ပါဝင်ဆင်နွှဲမည်ဖြစ်ရာ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ရေးဆွဲပြီးဖြစ်သည်။

**၁၂သင်း**

အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်သီးအဆင့်ရှိ မြန်မာ၊ ထိုင်း၊ မလေးရှားအသင်းများနှင့်အတူ အီရန်၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ စုစုပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**အသင်းလိုက်**

အမျိုးသားအသင်းလိုက် (က) အုပ်စုတွင် မြန်မာ၊ မလေးရှား၊ အီရန်၊ ဂျပန်နှင့် စင်ကာပူ၊ (ခ)အုပ်စုတွင် ထိုင်း၊ ကိုရီးယား၊ အိန္ဒိယနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်ကြသည်။

အမျိုးသားအဖွဲ့လိုက်ပြိုင်ပွဲ (က) အုပ်စုတွင် ထိုင်း၊ အီရန်နှင့် အိန္ဒိယ၊ (ခ)အုပ်စုတွင် မြန်မာ၊ ဂျပန်နှင့် ကိုရီးယား၊ (ဂ)အုပ်စုတွင် မလေးရှား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ (ဃ)အုပ်စုတွင် စင်ကာပူနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်ကြသည်။

အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲ (က)အုပ်စုတွင် ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ (ခ)အုပ်စုတွင် စင်ကာပူ၊ အီရန်နှင့် ဗီယက်နမ်၊ (ဂ)အုပ်စုတွင် ဂျပန်၊ အိန္ဒိယနှင့် ကိုရီးယား၊ (ဃ)အုပ်စုတွင် မြန်မာ၊ မလေးရှားအသင်းတို့ ပါဝင်ကြသည်။

အဆိုပါပြိုင်ပွဲ အမျိုးသားပြိုင်ပွဲများတွင် အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယအသင်းများသည် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ရာ ကမ္ဘာ့ထိပ်သီးအဆင့်ရှိ မြန်မာ၊ ထိုင်းနှင့် မလေးရှားအသင်းတို့သည် အုပ်စုတွင်း ပြိုင်ပွဲများတွင် ပွဲချောင်များနှင့်တွေ့ပြီး ကွာတားဖိုင်နယ် အဆင့်သို့တက်လှမ်းရန် အခြေအနေကောင်းများဖြင့် ကြုံတွေ့နေပြီဖြစ်သည်။

**ပါဝင်ဆင်နွှဲမည်**

မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်းသည် အသင်းလိုက်ပြိုင်ပွဲတွင် ပါဝင်ခြင်းမပြုသော်လည်း အဖွဲ့လိုက်ပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ဆင်နွှဲမည်ဖြစ်သည်။

အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ (က)အုပ်စုတွင် ထိုင်း၊ ကိုရီးယားနှင့် အိန္ဒိယ၊ (ခ)အုပ်စုတွင် ဗီယက်နမ်၊ တရုတ်နှင့် ဂျပန်တို့ပါဝင်ကြသည်။

အမျိုးသမီး အဖွဲ့လိုက်ပြိုင်ပွဲ (က) အုပ်စုတွင် မြန်မာ၊ ထိုင်း၊ ဂျပန်နှင့် ဖိလစ်ပိုင်၊ (ခ)အုပ်စုတွင် တရုတ်၊ ဗီယက်နမ်၊ အိန္ဒိယနှင့် ကိုရီးယားတို့ ပါဝင်ကြသည်။

အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ (က)အုပ်စုတွင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်၊ (ခ)အုပ်စုတွင် မြန်မာ၊ ဂျပန်၊ အိန္ဒိယနှင့် ကိုရီးယားအသင်းတို့ ပါဝင်ကြသည်။

**ဆုတံဆိပ်ရရှိခဲ့**

မြန်မာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အနေဖြင့် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ခဲ့ရာ အမျိုးသားပြိုင်ပွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်၊ အသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်နှင့် စက်ဝိုင်းခတ်ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုများကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ စက်ဝိုင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကို ရရှိခဲ့ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

ယခုအခါ မြန်မာပိုက်ကျော်ခြင်း အဖွဲ့ချုပ်သည် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် နိုင်ငံတကာ ပြိုင်ပွဲများ ပါဝင်ဆင်နွှဲလျက်ရှိပြီး ယခုအခါ ထိုင်းနိုင်ငံ၌ ကျင်းပနေသည့် မဲခေါင်ဒေသ ချစ်ကြည်ရေး အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

## သတင်းမှတ်စု—သိန်းဝင်းလေး(မြန်မာ့အလင်း)



## တောင်ကြီးတက္ကသိုလ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၅–၂၀၀၆ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ် ဘာသာရပ်အလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၁၁ နာရီက တောင်ကြီးတက္ကသိုလ် ကျိုင်းတုံခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဦးရေချမ်း၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

**ဒိုင်းဆုပေးအပ်ချီးမြှင့်**

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ စိုင်းမြင့်ဦး(အင်္ဂလိပ်စာ)၊ ဒုတိယ မောင်ငွေဇာလင်း(ရူပဗေဒ)၊ တတိယ မောင်ရဲအောင်(ရူပဗေဒ)တို့ ရရှိသွားကြပြီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမ ရူပဗေဒဌာန၊ ဒုတိယ အင်္ဂလိပ်စာဌာနတို့ ရရှိသွားကြရာ တစ်ဦးချင်းဆုများကို ဌာနမှူး ဦးအုန်းမြင့်၊ ပါမောက္ခ ဒေါ်ရင်ရင်မြ၊ စားပွဲတင်တင်းနစ်ဥက္ကဋ္ဌ ဦးယမ်းဘောမ်တို့က ပေးအပ်ချီးမြှင့်ပြီး အသင်းလိုက်တံခွန်စိုက်ဆုရ ရူပဗေဒဌာနအသင်းအား ဒုတိယပါမောက္ခချုပ် ဦးရေချမ်းက ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(တောင်ကြီးတက္ကသိုလ်)**

## အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး (မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့မီးရထားအသင်းနှင့် ပြည်ထဲရေးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

**ယနေ့ပွဲ**

စက်တင်ဘာ ၁၅ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

**၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဗျူဟာများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။**

(က)အုပ်စု ရတခဗုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဗုန်(ပုသိမ်) ဧရာဝတီတိုင်းအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းက အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ ဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဗုန် (မုံရွာ) နမခအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ) အုပ်စု လပခဗုန်(မန္တလေး) ဗထူးအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု တပခဗုန်(တောင်ဂူ) တပခအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဲခေါင်ဒေသ(၆)နိုင်ငံချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ပွဲဦးထွက် မြန်မာလူငယ်အသင်း ထိုင်းလူငယ်အသင်းကိုအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၁၄

၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပသည့် မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲ၊ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်းနှင့် လာအိုလူငယ်ဘောလုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပထမနေ့ပွဲစဉ်အဖြစ် မြန်မာလူငယ်ဘောလုံးအသင်းနှင့် ထိုင်းလူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာလူငယ် ဘောလုံးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

**သွင်းယူပေး**

မြန်မာလူငယ်ဘောလုံးအသင်းအတွက် ပထမပိုင်း ခုနစ်မိနစ်တွင် ကျော်သီဟက ပထမဂိုးကို လည်းကောင်း၊ ၈၁ မိနစ်တွင် ရာဇာဝင်းသိန်းက ဒုတိယအနိုင်ဂိုးကိုလည်းကောင်း သွင်းယူပေးသည်။

မြန်မာလူငယ်ဘောလုံးအသင်းသည် စက်တင်ဘာ ၁၅ ရက် **(ယနေ့)** ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် လာအိုလူငယ်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကွတ်ခိုင်မြို့ ထပ်ဆင့်လွှင့်စက်ပြုပြင်ပြီး

ရန်ကုန် စက်တင်ဘာ ၁၄

ကွတ်ခိုင်မြို့ ၂၀၀၀–၂၀၀၁ ခုနှစ်က တည်ဆောက်ခဲ့သော ကိုယ့်အားကိုယ်ကိုး မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် ပိုမိုကောင်းမွန်ရေးအတွက် မိဘပြည်သူများက အလှူငွေကျပ် ၁၁ သိန်း ထည့်ဝင်ပြီး ထိန်းသိမ်းရေးကော်မတီက ပြုပြင်ခဲ့ရာ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၃ ရက်မှစ၍ ပြည်သူများ ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဒိုင်း ဂျူဒိုပြိုင်ပွဲ ရက်ရွှေ့

ရန်ကုန် စက်တင်ဘာ ၁၄

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၉)ကြိမ်မြောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌဒိုင်း ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲကို မူလက စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့်အစား စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လုပ်ရှားမှု မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက အထက(၃) ယုဇနခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နာယက ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းငွေနှင့် အဖွဲ့ဝင်များ တက်ရောက်ကာ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်(အေ) ဆေးတိုက်ကျွေးခြင်း၊ အာဟာရကျွေးမွေးခြင်း၊ အားဆေးရည်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သီကောင်းစရာ**

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသော ကလေးမိခင်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရအကြောင်း ပညာပေးဟောပြောခြင်း၊ အထက(၃) ကျောင်းသူလေးများက အာဟာရအကြောင်း သီကောင်းစရာ တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ကပြဖျော်ဖြေကြသည်။ ကိုယ်ဝန်ဆောင်မိခင် ၂၀ တို့အား ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဆွေက သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများ ဝေငှပေးသည်။ **(ဓါတ်ပုံ)** တက်ရောက်လာသူများအား အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်းပါဝင်မှုကို လက်တွေ့စမ်းသပ်ပြသကာ အိုင်အိုဒင်းဆားပိဿာ ၅၀၀ ကို ပေးဝေလိုက်သည်။ **(၂၅၉)**



## ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၁၄

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၆ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ရန်ကုန်မြို့ရှိ ပျဉ်းမနားမြို့နယ်သူ/သားများ၏ သားသမီးများမှ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သူများအား ပညာရည်ချွန်ဆု ပေးအပ်မည်ဖြစ်ရာ သုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သူ ကျောင်းသား ကျောင်းသူများသည် ဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း–၅၄၉၆၉၁ နှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးစောထွန်းခိုင် ဖုန်း–၅၃၅၁၉၃၊ ဦးတင်ကိုကို ဖုန်း–၅၄၉၈၃၆၊ ဒေါက်တာဒေါ်မြသိန်း ဖုန်း–၆၅၁၅၂၂ နှင့် ဘဏ္ဍာရေးမှူး ဒေါ်နွယ်နွယ်အေး ဖုန်း–၅၂၇၄၄၀ တို့သို့ စက်တင်ဘာ ၂၂ ရက် နောက်ဆုံးထားပြီး ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ကမ္ဘာတစ်လွှား အားကစား

## ယမန်နှစ်နှင့်မတူ မန်ယူဖလား ယူမည်မှန်း မန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန် ပြောကြား

ရေးသားတင်ပြသူ **မြင့်မောင်စိုး**

**လန်ဒန် စက်တင်ဘာ ၁၄**

မန်ချက်စတာယူနိုက်တက်အသင်းသည် ယမန်နှစ် ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲ၌ ဆုံးရှုံးခဲ့ခြင်းကို နောင်တရလျက် ယခုနှစ်တွင် အုပ်စုမှ ကျော်လွှားရန် စိတ်အားထက်သန်နေကြောင်း ဆာအလက်ဇ်ဖာဂူဆန်က ပြောကြားသည်။

မန်ချက်စတာယူနိုတ်တက် အသင်းသည်ယမန်နှစ် ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲတွင် တစ်ပွဲသာလျှင် အနိုင်ကစားနိုင်ခဲ့သည်။

**ဆန္ဒရှိ**

ယခုနှစ်ရာသီတွင် ဥရောပ၌ အကောင်းဆုံး ကစားပြသွားရန် ဆန္ဒရှိကြောင်း အိုးထရက်ဖို့ဒ်၌ အုပ်စု(စ) အဖွင့်ပွဲအဖြစ် ဆဲလ်တစ်အသင်းနှင့် မကစားမီ ဖာဂူဆန်က ပြောကြားသည်။

မိမိ၏ကစားသမားများသည် ပြီးခဲ့သော ချန်ပီယံလိဂ် ရာသီကထက် ပိုကောင်းအောင် ကစားနိုင်လိမ့်မည်ဟု သိထားကြောင်းဖြင့်လည်း ၎င်းက ပြောသည်။



**မန်ယူမန်နေဂျာ ဖာဂူဆန်က ဆဲလ်တစ်အသင်းနှင့် မကစားမီ သတင်းထောက်များအား ရှင်းလင်းပြောကြားခဲ့စဉ်။** (ဓာတ်ပုံ-အင်တာနက်)

**အနေအထား**

၁၉၉၉ ခုနှစ်က ချန်ပီယံဖြစ်ခဲ့ပြီးနောက် မန်ချက်စတာယူနိုက်တက်အသင်းသည် ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။

၂၀၀၄-၂၀၀၅ ရာသီက အေစီမီလန်ကို ရှုံးပြီးနောက်ဆုံး ၁၆ သင်းကိုပင် မကျော်နိုင်ဘဲရှိသည်။ မန်ယူတို့ ၂၀၀၂-၂၀၀၃ ရာသီမှစ၍ ကွာတားဖိုင်နယ်သို့လည်း တက်ရောက်နိုင်ခြင်း မရှိခဲ့ပေ။ အထူးသဖြင့် ဂိုးများများ မသွင်းပေးနိုင်ခြင်းဖြစ်သည်။ သို့သော်လည်းမန်ယူတို့ ယခုနှစ်ရာသီတွင် ယခင်နှစ်ကနှင့်မတူဘဲ ကစားပုံအနေအထားအားလုံး ပြန်ကောင်းလာသည့် အနေအထားရှိနေသည်။ မန်ယူတို့ ချန်ပီယံလိဂ်ဖလားရယူခဲ့သည့် ၁၉၉၉ခုနှစ်က ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားသော နစ္စတယ်ရွိုင်းက ၄၃ပွဲ ကစားရာတွင် ၃၅ ဂိုးသွင်းပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

## ဗီဖာ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက် အင်္ဂလန်အသင်း အဆင့်(၄)သို့ ရောက်ရှိလာ

လန်ဒန် စက်တင်ဘာ ၁၄

**အင်္ဂလန်အသင်းသည် နည်းပြသစ်မက်ကလာရင်၏လက်ထက် အောင်မြင်မှုများရနေ၍ ဖီဖာ၏အဆင့်သတ်မှတ်ချက်တွင် နံပါတ်(၄)နေရာသို့ ခုန်တက်လာသည်။**

ကမ္ဘာ့ဖလားပြီးနောက် အင်္ဂလန်အသင်းသည် ဂရိ၊ အင်ဒိုရာနှင့် မက်ဆီဒိုးနီးယားအသင်းတို့ကို အနိုင်ရခဲ့မှုကြောင့် ကမ္ဘာ့ချန်ပီယံ အီတလီအသင်းကို ကျော်လျက် အဆင့်(၄)သို့ တက်လာနိုင်ခဲ့သည်။ အီတလီအသင်းမှာအဆင့်(၅)သို့ကျဆင်းသွားခဲ့သည်။

အင်္ဂလန်အသင်းသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလက ဂလင်းဟွတ်ဒယ်၏ လက်ထက်တွင် နောက်ဆုံး ကမ္ဘာ့အဆင့်(၄)အထိ ရောက်ရှိခဲ့သည်။

**ကျဆင်း**

ထိုအတောအတွင်းစကော့တလန်အသင်းသည် အဆင့်(၆)မှ အဆင့် ၃၄ သို့ ကျဆင်းသွားခဲ့သည်။ မြောက်အိုင်ယာလန်အသင်းသည် စပိန်ကို နိုင်ပြီးနောက် အဆင့် ၅၈ မှ အဆင့် ၁၄ သို့ တက်လာခဲ့သည်။

ပြင်သစ်အသင်းသည် ကာလရှည်ထိပ်ဆုံး၌ ရှိနေသော ဘရာဇီးအသင်း နောက်မှ ဒုတိယနေရာတွင် ရှိနေသည်။ အာဂျင်တီးနားက တတိယနေရာတွင် ရပ်တည်နိုင်ဆဲ ဖြစ်သည်။

**ထိပ်တန်း ၁၀ သင်း**

| | |
|---|---|
| ၁။ ဘရာဇီး | ၆။ ဟော်လန် |
| ၂။ ပြင်သစ် | ၇။ ချက် |
| ၃။ အာဂျင်တီးနား | ၈။ ဂျာမနီ |
| ၄။ အင်္ဂလန် | ၉။ ပေါ်တူဂီ |
| ၅။ အီတလီ | ၁၀။ စပိန် |

(အင်တာနက်)

## ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ် အာဆင်နယ်နှင့်ရှစ်နှစ်စာချုပ်မည်



**အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၁၄**

အာဆင်နယ် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်သည် ရှစ်နှစ်တာ ကစားမည့် စာချုပ်တစ်ရပ်ကို ထပ်မံချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း မန်နေဂျာ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။

အသက် ၁၉ နှစ်ရှိ ဖာဘရီဂတ်စ်သည် အာဆင်နယ်သို့ ၂၀၀၃ ခုနှစ်က ဘာစီလိုနာမှပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားတွင် စပိန်အသင်း၌ ပါဝင်ကစားခဲ့သည်။ **(အင်တာနက်)**

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် မန်ယူ၊ အာဆင်နယ်နှင့် အေစီမီလန်တို့ နိုင်ပွဲရ

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

**လန်ဒန် စက်တင်ဘာ ၁၄**

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၁၃ ရက်၌ ဆက်လက်ကျင်းပရာ မန်ယူ၊ အာဆင်နယ် လိုင်ယွန်နှင့် အေစီမီလန်တို့ နိုင်ပွဲများ ရရှိခဲ့သော်လည်း နာမည်ကြီး ရီးရဲမက်ဒရစ်တို့ ရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။



**မန်ယူမှ ဆိုးလ်ရှား ဆဲလ်တစ်ဘက်သို့ ဂိုးသွင်းပြီးနောက် ဤသို့အောင်ပွဲခံခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

**မန်ယူနှင့်ဆဲလ်တစ်**

ချန်ပီယံလိဂ်အုပ်စု(စ) အဖွင့်ပွဲစဉ်၌ မန်ယူတို့ စကော့တလန် ကလပ်ဆဲလ်တစ်ကို အနိုင်ယူခဲ့ပြီဖြစ်သည်။ အိုးထရက်ဖိုဒ်၌ ကစားရသော်လည်း ဧည့်သည်ဆဲလ်တစ်၏ အဖွင့်ဂိုးသွင်းယူမှုကို ခံခဲ့ရသည်။ ၄-၄-၂ ပုံစံဖြင့် ကစားသော မန်ယူသည် တိုက်စစ်အတွဲကို ဆာဟာနှင့် ရွန်နေတို့ကို ထားကာ ကွင်းလယ်၌ ကာရစ်၊ ဖလက်ချာ၊ ဂစ်နှင့်ပေါလ်စခိုး တို့ကို သုံးခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားသောမန်ယူတို့ကို ပွဲချိန် ၂၁မိနစ်၌ ဆဲလ်တစ်တိုက်စစ်မှူးဘက်ဆဲလင့်စ်က ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။

ချေပဂိုးရရှိရေး မန်ယူတို့ တိုက်စစ်မြှင့်ကစားခဲ့ရာ မိနစ်၃၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် မန်ယူတိုက်စစ်မှူး ဆာဟာက တစ်ဂိုးနှင့် မိနစ်၄၀တွင် ဆာဟာကပင် နောက်တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် မန်ယူတို့နှစ်ဂိုး-တစ်ဂိုး အနိုင်ရရှိနေခဲ့သည်။ သို့သော်၄၃မိနစ်တွင် ဆဲလ်တစ် ကွင်းလယ် ကစားသမား စတီဖင်မက်မာနပ်စ်က ချေပဂိုး သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေဖြစ်နေခဲ့သည်။

သို့သော် ၃၃ မိနစ်၌ ရိုင်ယန်ဂစ် အစားဝင်ရောက်ကစားသည့် ဆိုးလ်ရှားက ၄၇မိနစ်၌ တစ်ဂိုး သွင်းယူလိုက်သဖြင့် မန်ယူတို့သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ အုပ်စု(စ)၌ သုံးမှတ်ရရှိပြီဖြစ်သည်။

**လိုင်ယွန်နှင့်ရီးရဲမက်ဒရစ်**

ချန်ပီယံလိဂ်အုပ်စု(င)၌ ပြင်သစ်ကလပ် လိုင်ယွန်က စပိန်ကလပ် ရီးရဲမက်ဒရစ်ကို အိမ်ကွင်း၌ နှစ်ဂိုးပြတ်သွင်း အနိုင်ယူခဲ့သဖြင့် နာမည်ကြီး ရီးရဲမက်ဒရစ်တို့ ချန်ပီယံလိဂ်တာထွက်၌ပင် အရှုံးနှင့်ကြုံတွေ့ လိုက်ရသည်။ လိုင်ယွန်တို့က ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့ရာ လိုင်ယွန်တိုက်စစ်မှူး ဖရက်ကပွဲချိန် ၁၁မိနစ်မှာပင် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ရီးရဲတိုက်စစ်မှူးများဖြစ်သည့် ကာဆာနို၊ ရာအူးလ်နှင့် နစ္စတယ်ရွိုင်းတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ၃၁ မိနစ်၌ လိုင်ယွန်ကွင်းလယ် ကစားသမား တီယာဂိုက တစ်ဂိုးထပ်မံသွင်းယူလိုက်ခြင်းကြောင့် လိုင်ယွန်တို့ ပထမပိုင်းမှာပင် နှစ်ဂိုးရရှိသွားခဲ့သည်။ ရီးရဲမက်ဒရစ် ကွင်းလယ်၌ ဒေးဗစ်ဘက်ခမ်း၊ ဒိုင်ယာရာနှင့် အီမာဆင်တို့ တိုက်စစ်ကို အားဖြည့်ပေးသော်လည်း ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်သည့်အပြင် ရာမို့စ်၊ ကာလို့စ်၊ ကင်နာဗာရိုနှင့် ဒိုင်ယာရာတို့ အဝါကတ်ပြခံရကာ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။

**ဟမ်းဘတ်နှင့်အာဆင်နယ်**

ပရီမီယာလိဂ်၌ ခြေပျက်နေသော အာဆင်နယ်တို့ ချန်ပီယံလိဂ်၌ခြေစွမ်းပြသည့် အနေအထားရှိသည်။အုပ်စု (ဃ) မှ အာဆင်နယ်တို့က ဂျာမနီကလပ် ဟမ်းဘတ်ကို သူ့ကွင်း၌ပင် အနိုင်ယူနိုင်ခဲ့သည်။

အာဆင်နယ်သည် ၄-၄-၂ ကစားကွက်ဖြင့် အွန်နရီ မပါသော တိုက်စစ်ကို အဒီဘာရာနှင့် ဗန်ပါစီတို့ဖြင့် ခပ်ရဲရဲပွဲထုတ် ကစားစေခဲ့သည်။ ပွဲချိန် ၁၂မိနစ်၌ အာဆင်နယ် ကွင်းလယ်ကစားသမား ဂီလ်ဘာ တိုဆီလ်ဗားက ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက်ပွဲချိန်၅၃ မိနစ်တွင် အာဆင်နယ် ကွင်းလယ် ကစားသမားရိုဆစ်စကီးက တစ်ဂိုးသွင်းယူလိုက်နိုင်သဖြင့် အာဆင်နယ်တို့နှစ်ဂိုး ရရှိနေခဲ့သည်။ ဟမ်းဘတ်တို့ ချေပဂိုး ရရှိရေး ကြိုးစားသော်လည်း အပိုင်ကန်သွင်းခွင့် အခွင့်အရေးနှစ်ကြိမ်ခန့်သာ ရရှိခဲ့သည်။ ဟမ်းဘတ်၏ ချေပဂိုး တစ်ဂိုးကို ပွဲချိန်မိနစ် ၉၀ရောက်မှသာ တိုက်စစ်မှူး ဆာနိုရိုက သွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အာဆင်နယ်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အေစီမီလန်နှင့် အေအီးကေအေသင်**

အုပ်စု(ဈ) မှအေစီမီလန်တို့ သုံးဂိုးပြတ် သွင်းယူနိုင်ခဲ့သည်။ အေစီမီလန်အသင်းသည် ကစားကွက်စီးထားနိုင်ခဲ့ရာ ပွဲချိန် ၁၇ မိနစ်တွင် အေစီမီလန်တိုက်စစ်မှူး အင်ဇာဂီကတစ်ဂိုး၊၄၁မိနစ်တွင် ကွင်းလယ် ကစားသမား ဂေါ်ယာကာဖ့်ကတစ်ဂိုး၊ ၇၇မိနစ်၌ ကာကာက ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ဂရိကလပ်အေအီးကေအေသင်ကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**အခြားပွဲ ရလဒ်များ**

| | | |
|---|---|---|
| **အက်ဖ်စီပေါ်တို** | **၀ - ၀** | **စီအက်စ်ကေအေမော်စကို** |
| **အန်ဒါလက်ချ်** | **၁ - ၁** | **လိုင်လီ** |
| **ဒိုင်နမိုကိဗ်** | **၁ - ၄** | **စတူအာဘူခါရက်။** |

(အင်တာနက်)



**ရီးရဲမက်ဒရစ်တိုက်စစ်မှူး နစ္စတယ်ရွိုင်း (ဝဲ) ၏ လိုင်ယွန်အသင်းဘက်သို့ ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

**ပြည် စက်တင်ဘာ ၇**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ပြည်မြို့ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ၁၄ မြို့နယ် အမှုဆောင်အရာရှိများက ဆွေးနွေးတင်ပြကြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**(တိုင်း စည်ပင်)**

## မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကြီးမှူး မလှိုင်မြို့နယ်၌ မိုးစပါးထွန်တုံးပိတ်စိုက်ပျိုး

**မလှိုင် စက်တင်ဘာ ၃**

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူး၍ မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၂၉ ရက်က မလှိုင်မြို့ ပုန်းမကြည်ဆည်ရေသောက်ကွင်းအမှတ် ၃၆၉/၂၁၁၇ တောင်သူဦးညွန့်တင်၏ လယ်မြေ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရေးဦးစွာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းက မိုးစပါးစိုက်ပျိုးနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မိတ္ထီလာခရိုင်ဥက္ကဋ္ဌက ကောက်စိုက်သမအဖွဲ့အား ဆုငွေပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမောင်က ထွန်တုံးပိတ်စိုက်ပျိုးနေမှုကို ရှင်းလင်းပြသရာ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

**လျာထားကျော်လွန်**

မလှိုင်မြို့နယ် အနေဖြင့် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၂၂၀၁၇ ဖြစ်သော်လည်း လျာထားကျော်လွန်၍ ၂၂၁၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **(၄၁၉)**





## လုပ်ငန်းခွင် အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းဖွင့်၊ ရည်ရွယ်ချက်ရှင်းလင်း

**မောင်တော စက်တင်ဘာ ၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မောင်တောခရိုင်ရုံးက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းခွင်အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉နာရီက ရုပ်မြင်သံကြားခန်းမတွင် ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသိန်းထွန်းဦးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး)ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်နှင့် တောင်ပြို လက်ဝဲရုံးတို့မှ သင်တန်းသား၊သင်တန်းသူ ၂၁ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ရေတာရှည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ကုန်-မန္တလေး လမ်းဘေးဝဲယာတွင် မြေယာရှင်းများ ပြုပြင်ထားရှိမှုနှင့် ရာသီပန်းများပွင့်လန်းနေမှုကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ လိုက်လံကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်မြင့်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အချက်အပြုတ်ပြိုင်

**ဟားခါး စက်တင်ဘာ ၈**

ဟားခါးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အာဟာရအချက်အပြုတ်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စောမူက အဖွင့်အမှာစကား ပြောကြားသည်။

**လှူဒါန်း**

အဆိုပါ ပြိုင်ပွဲတွင် ဟားခါးမြို့ပေါ်ခြောက်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်ကြရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်စောမူနှင့် ကော်မတီဝင်များက အကဲဖြတ်ကြည့်ရှုအားပေးကြပြီး မူကြိုကလေးငယ်များအား အာဟာရပြည့်ဝသော အစားအစာများကို ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## ရွှေကျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လု၊ ဆုပေးအပ်ချီးမြှင့်

**ရွှေကျင် စက်တင်ဘာ ၅**

ရွှေကျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးဘောလုံးဗိုလ်လုပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ရက် ညနေ ၃ နာရီက ရွှေကျင်မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်အားပေး**

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီယာယီဥက္ကဋ္ဌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနွယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်နှင့် အမှုဆောင်များတက်ရောက်ကြည့်ရှုအားပေးကြပြီး ဘောလုံးဗိုလ်လုပွဲအဖြစ်တောင်ဘက်ကျေးရွာအသင်းနှင့်မြို့မ(၂)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ဘက်ကျေးရွာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

**ဆုချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ထွန်းကြည်က ဒုတိယဆုရ မြို့မ(၂)အသင်း ကိုလည်းကောင်း၊ ပထမဆုရ တောင်ဘက်ကျေးရွာ ဘောလုံးအသင်းအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

**(ဝဲပုံ) (မြို့နယ် ပြန်/ဆက်)**



**ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စာနီစုကျေးရွာ ရေတွင်းအဆင့်မြှင့်ခြင်းနှင့် ရေတုံကင် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁၁ ရက်က အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)



# မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

**မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြော**

အခမ်းအနားတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)** အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မန္တလေးတိုင်းဥပဒေရုံး ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်မိမိသက်က မြန်မာနိုင်ငံနှင့် လူကုန်ကူးမှု အခြေအနေကို လည်းကောင်း၊ တိုင်းတွဲဖက်တရားသူကြီး ဒေါ်ခင်မေတင့်က လူကုန်ကူးမှုနှင့် စပ်လျဉ်း၍ တရားစီရင်ရေးရှုထောင့် အကြောင်းကိုလည်းကောင်း၊ တိုင်းဥပဒေအရာရှိဦးမျိုးချစ်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအကြောင်းကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့စည်းရုံးရေးဌာနကြီးဌာနမှူးဒေါ်သန္တာဘုန်းဝင်းက လူကုန်ကူးမှုနှင့် လူမှောင်ခိုတို့ ခြားနားချက် အကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းလူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက လူကုန်ကူး ခံရသူများ ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်းအကြောင်းကို လည်းကောင်း၊ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနကြီး ဌာနမှူးဒေါက်တာဒေါ်ခင်အောင်အောင်ငွေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ ဒုတိယရဲမှူးအေးစံက လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအကောင်အထည်ဖော်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးအကြောင်းကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး လုပ်ငန်းအဖွဲ့အလိုက် ဆောင်ရွက်မည့်လုပ်ငန်းများရှင်းလင်း

မုံရွာ စက်တင်ဘာ ၆

**စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၉ ရက် နံနက် ၁၁ နာရီက မုံရွာမြို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ဆောင်ရွက်ပြီးလုပ်ငန်းများနှင့် ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး လုပ်ငန်းအဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြရာ လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး အကြောင်းကို အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်ညွှန့်ကလည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်သောင်းသောင်းဝင်းကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်း**

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နုနုဝင်းက တိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်က တင်ပြဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ရှင်းလင်းသည်။

**(ခရိုင် ပြန်/ဆက်)**



**စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အတူ ဩဂုတ် ၃ ရက်က အရာတော်မြို့ရေပေးရေး ရေလှောင်ကန်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ် စည်ပင်)

# ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အင်္ဂပူမြို့၌ကျင်းပ အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ကွင်းဆင်းဆေးကုသ

ဟင်္သာတ စက်တင်ဘာ ၈

**ဟင်္သာတခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်သော အခမဲ့ကွင်းဆင်းဆေးကုသရေးအဖွဲ့တွင် ခရိုင်မိခင် နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီနှင့် အဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများ အဖွဲ့တို့သည် စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီ က ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အင်္ဂပူမြို့နယ် ကွင်းကောက်မြောက် အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။**

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်နှင့် အဖွဲ့ဝင်များ၊ အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်က အဖွင့်အမှာစကားပြောကြား၍ ဟင်္သာတခရိုင်ဆေးရုံကြီးမှကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းလွင်က ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါ အကြောင်းကိုလည်းကောင်း၊ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်သင်းသင်းဝေက အန္တရာယ်ကင်းစွာ မွေးဖွားခြင်းနှင့် သားလျှော သားပျက်ခြင်းကိုလည်းကောင်း၊ ကွင်းကောက်တိုက်နယ်ဆရာဝန် ဒေါက်တာနန္ဒဝင်းက တီဘီရောဂါအကြောင်းကို လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် အခမဲ့ ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် ကွင်းကောက်တိုက်နယ်ဆေးရုံတွင် ကျေးရွာအုပ်စုနှစ်စုတို့မှ ပြည်သူ ၃၈၃ဦးကို ဆေးဝါးများအခမဲ့ကုသပေးခဲ့ကြပြီး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေရီက ဆေးကုသမှုခံယူနေသော အတွင်းလူနာ၁၃ ဦးအား ငွေသားများ ထောက်ပံ့လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

**တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာ ရေး အ ဖွဲ့ က ဆောင် ရွက် သော လက်ပံရှည် ကျေးလက် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဩဂုတ် ၃၀ ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးညိုဝင်း၊ အင်ဂျင်နီယာမှူး ဦးအောင် ကျော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်
## e- Education Learning Centre
### သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

**(တနင်္လာမှ သောကြာ)**
**မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊တနင်္ဂနွေ)**
**နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၈-၉-၂၀၀၆ (တနင်္လာနေ့)**
- ❑ Plant Nutrition
  - ပထမနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Earthquakes in Myanmar
  - တတိယနှစ် ဘူမိဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၉-၉-၂၀၀၆ (အင်္ဂါနေ့)**
- ❑ Water Pollution
  - တတိယနှစ်နှင့်ပထမနှစ်ဂုဏ်ထူးတန်း ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူများ
- ❑ Curriculum Development
  - B.Ed ပထမနှစ် စာပေးစာယူသင်တန်းသားများ

**၂၀-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**
- ❑ မြန်မာစာဘာသာအတွက် သင်ကြားမှု၊သင်ယူမှုအထောက်အကူပြုပစ္စည်းများအသုံးပြုသင်ကြားခြင်း
  - ပထမနှစ် B.Ed စာပေးစာယူသင်တန်းသားများ၊ B.Ed စာပေးစာယူ သင်တန်းသားများ(မြန်မာစာအထူးပြု)ပထမနှစ်မှ စတုတ္ထနှစ်ထိ B.Ed ကျောင်းသား၊ ကျောင်းသူများ
- ❑ Cognitive Development by Jean Piaget
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် စတုတ္ထနှစ် B.Ed ကျောင်းသား၊ ကျောင်းသူများ

**၂၁-၉-၂၀၀၆ (ကြာသပတေးနေ့)**
- ❑ An Introduction to Educational Psychology
  - B.Ed(ပထမနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)
- ❑ Key Functions of Management
  - B.Ed(ဒုတိယနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)

**၂၂-၉-၂၀၀၆ (သောကြာနေ့)**
- ❑ General Methodology
  - B.Ed(ဒုတိယနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)
- ❑ Volidity & Reliability
  - B.Ed(ဒုတိယနှစ် စာပေးစာယူ ကျောင်းသား၊ ကျောင်းသူများ)

**၂၃-၉-၂၀၀၆ (စနေနေ့)**
- ❑ Measures of Dispersion and Further of Descrip-tions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အိမ်တွင်းစီးပွား
- ❑ Simple Linear Regression
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အိမ်တွင်းစီးပွား
- ❑ Correlation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Index Numbers
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Privatization & FDI in Myanmar
  - ပထမနှစ် ပြည်သူ့ရေးရာ
- ❑ Theory of Probability
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Probability Distributions
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Developing a Business Plan
  - ပထမနှစ် အိမ်တွင်းစီးပွား
- ❑ Sampling Distribution
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Production
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Trading, Profit and Loss Account and Balance Sheet
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

**၂၄-၉-၂၀၀၆ (တနင်္ဂနွေနေ့)**
- ❑ Cost Accounting (Job Order Costing)
  - ဒုတိယနှစ် စီးပွားရေး
- ❑ Time Series Analysis and Forecasting
  - ဒုတိယနှစ် စီးပွားရေး
- ❑ Introduction to Micro Finance
  - ဒုတိယနှစ် အိမ်တွင်းစီးပွား
- ❑ Poverty Reduction Experience in Countries
  - ဒုတိယနှစ် အိမ်တွင်းစီးပွား
- ❑ Contract Costing
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ The Role of Supervisor
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ Linear Programming I
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ Financial Accounting(Partnership Account Final Account)
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Keynesian Policy Applied to the Economy
  - ဒုတိယနှစ် ပြည်သူ့ရေးရာ
- ❑ The Nature and Role of Financial Institution in an Economy
  - ဒုတိယနှစ် အိမ်တွင်းစီးပွား

# ဒေသအလိုက် လုပ်ငန်းရှင်များ၊ တောင်သူများကိုယ်တိုင် အစေ့ထုတ် ပြောင်းစပ်မျိုး ထုတ်လုပ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မြို့နယ်အမှုဆောင်များ၊ ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း တပ်ကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံသို့ရောက်ရှိကြရာ ခြံမန်နေဂျာက စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ ထုတ်လုပ်မှုနှင့် မျိုးပွားမှုသုတေသနဆောင်ရွက်နေသည့် သီးနှံများကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေးသုတေသန ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ပြသရှင်းလင်း**

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် စပ်မျိုး(၃) ပြောင်းမျိုးစေ့ထုတ်စိုက်ခင်း၌ အဖိုလိုင်းနှင့် အမလိုင်းများဖြင့် မျိုးထုတ်လုပ်နေသည့် တစ်ကွင်းတစ်စပ် စိုက်ခင်းကြီးများကို ကြည့်ရှုရာ အစေ့ထုတ်ပြောင်း စပ်မျိုးထုတ်လုပ်နေသော ဦးဂျွန်ဘမော်ကလည်းကောင်း၊ စပ်မျိုးပြောင်း မွေးမြူရေးသုတေသနစိုက်ခင်း၌ ပြည်တွင်းစပ်မျိုး ပြောင်းမျိုးသစ်များ၊ *စာမျက်နှာ ၁၁ ကော်လံ ၁* ■

## ခြီစည်းရိုးကြက်ဆူပင်များ ကြည့်ရှုစစ်ဆေး

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တပ်ကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးစဉ်။** (လယ်ယာ/ဆည်မြောင်း)



## နေပြည်တော် မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (စက်တင်ဘာ ၁၅ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# အဆင်အသွေး ဒီဇိုင်းလှပသော အဝတ်အထည်များ ပြည်သူနှင့်လိုက်လျောညီထွေစွာ ဆက်ဆံရောင်းချ

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း နေပြည်တော် မြို့မဈေးရှိ ဆန်ဆိုင်ကို ကြည့်ရှုစဉ်။**

(စက်မှု–၁)



**နေပြည်တော် စက်တင်ဘာ ၁၄**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၈ နာရီခွဲက နေပြည်တော် မြို့မဈေးရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး အဝတ်အထည်များ ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အဆင်အသွေး အရောင်ဒီဇိုင်းလှပသော အဝတ်အထည်များ ရောင်းချရေး၊ ပြည်သူနှင့် လိုက်လျောညီထွေ ဆက်ဆံရောင်းချရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့မှတစ်ဆင့် ဝန်ကြီးသည် စားသောက်ကုန်ပစ္စည်း ရောင်းချမှု၊ ဆေးဝါးပစ္စည်းရောင်းချမှု၊ အိမ်ဆောက်ပစ္စည်းများရောင်းချမှု၊ စာရေးစက္ကူပစ္စည်းများရောင်းချမှု၊ ထီး၊ ဖိနပ်၊ ပန်းကန်ခွက်ယောက်နှင့် အပ်ချုပ်စက်များ၊ စက်ဘီးများ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းနှင့် အဖွဲ့ဝင်များသည် ဈေးအတွင်းရှိ အေရုံ၊ ဘီရုံ၊ စီရုံနှင့် ဒီရုံများအတွင်း ဆန်ရောင်းချမှု အခြေအနေများ၊ ကုန်ခြောက်နှင့် ကုန်စိမ်း ရောင်းချမှုအခြေအနေ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီရောင်းချမှုများ၊ သားငါးရုံရှိ ကြက်၊ ဝက်၊ သားငါးရောင်းချမှု၊ အခြေခံစားကုန် အရောင်းဆိုင်များသို့ ကုန်များ ရောက်ရှိမှု၊ တောင်သာမြို့ နယ်ထွက်ကုန် ထန်းလျက်နှင့်ကြက်သွန်ဆိုင်များ၊ ကုန်စိမ်းရောင်းဝယ်ရေးဌာနများ၏ ကုန်ရောင်းဝယ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

## နေကို စူးစမ်းမည့် အာကာသယာဉ် ဂျပန်နိုင်ငံက စက်တင်ဘာ ၂၂ ရက်၌ လွှတ်တင်မည်

**တိုကျို စက်တင်ဘာ ၁၄**

နေစကြဝဠာအတွင်း၌ နေကို စူးစမ်းလေ့လာရန် ဂျပန်နိုင်ငံက **"ဆိုလာ–ဘီ"** အာကာသယာဉ်**(ယာပုံ)**ကို စက်တင်ဘာ ၂၂ ရက်၌ လွှတ်တင်တော့မည်ဖြစ်ကြောင်း အင်တာနက်သတင်း တစ်ရပ်၌ဖော်ပြသည်။

**အဝေးကြည့်မှန်ပြောင်း**

ဆိုလာ–ဘီအာကာသယာဉ်က နေမျက်နှာပြင်မှ ပေါက်ကွဲထုတ်လွှတ်သည့် နေ၏အလင်းရောင်နှင့် ကြီးမားသော စွမ်းအင်ကိုလေ့လာမည့် အဝေးကြည့်မှန်ပြောင်းသုံးခုကို အသုံးပြုမည်ဖြစ်သည်။

လက်ခနဲထွက်လာသည့် နေ၏ အလင်းရောင်က ကမ္ဘာဂြိုဟ်သို့ဒြပ်မှုန်များနှင့် ရောင်ခြည်များလွှင့်ထုတ်လိုက်သည့်အတွက် အဆက်အသွယ်များ ပြတ်တောက်ကုန်ပြီး အာကာသယာဉ်မှူးများအား အန္တရာယ်ဖြစ်စေတတ်သည်ဟု ဆိုသည်။

နေကိုစူးစမ်းမည့် ဂျပန်နိုင်ငံ၏ အစီအစဉ်တွင် ခရမ်းလွန်ရောင်ခြည်ကို စူးစမ်းရန်ကိရိယာကို ဗြိတိန်နိုင်ငံက ထောက်ပံ့သည်။ စီမံကိန်းအောင်မြင်ရေးအတွက် ပြည်ပအကူအညီများရရှိခဲ့ကြောင်း ဂျပန်နိုင်ငံက ပြောကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✡



15-9 (20) 1 9/15/06, 1:46 AM